# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိလေသာမာရ် ကိုယ်တွင်းရန်**

ရေတည်းဟူသော မီရာတည်ရာမှ ထုတ်ဆောင်၍ ကုန်း၌ ပစ်ချထားအပ်သော ငါးသည် တဖျပ်ဖျပ်တုန်လှုပ်သကဲ့သို့ ကိလေသာမာရ် ကိုယ်တွင်းရန်ကို ပယ်ရန် ကာမနယ်ပယ်မှ ထုတ်ဆောင်၍ ထားအပ်သော ဤစိတ်သည် တဖျပ်ဖျပ် တုန်လှုပ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၄)


၁၃၈၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက် | ၂၀၂၄ ခုနှစ်၊ ဧပြီ ၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၃)၊ အမှတ်(၁၉၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာန နာယက ဆရာတော်ဘုရားကြီး၏ အန္တိမစျာပန သာဓုကီဠနပူဇာသဘင်အခမ်းအနား ကျင်းပပြုလုပ်

**နေပြည်တော် ဧပြီ ၆**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက်ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဓမ္မသီရိ နဂါးနှစ်ကောင် ဆရာတော်ဘုရားကြီး၏ အန္တိမစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားအား ယနေ့ မွန်းလွဲပိုင်းက တာချီလိတ်မြို့၌ ကျင်းပပြုလုပ်သည်။

အဆိုပါ အန္တိမစျာပန သာဓုကီဠန ပူဇာသဘင်အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ သန်လျင်မင်းကျောင်း ဆရာတော် ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)၊ ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊

*စာမျက်နှာ ၃ ကော်လံ ၁* ❁



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တဓမ္မသီရိ နဂါးနှစ်ကောင်ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား အန္တိမစျာပန သာဓုကီဠန ပူဇာသဘင်ပြုလုပ်ရာနေရာသို့ ပင့်ဆောင်စဉ်။




❀ *ရှေ့ဖုံးမှ*

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး စစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူလူထုများ၊ ရပ်မိရပ်ဖများ၊ ဆရာတော်ဘုရားကြီး၏ ဆွေတော်၊ မျိုးတော်များနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ စည်ကားသိုက်မြိုက်စွာ တက်ရောက်ပူဇော်ကြသည်။

**စိန်ကတ္တီပါ လွှမ်းခြုံ**

ဦးစွာ ကြွရောက်တော်မူကြသည့်ဆရာတော်ဘုရားကြီးများက သံဝေဂသုံးဂါထာကိုရွတ်ဆိုပွားများ၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။ ထို့နောက် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများက သန့်လျှင်မင်းကျောင်းဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။ ယင်းနောက် နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စိန်ကတ္တီပါ လွှမ်းခြုံကြပြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ ရှမ်းပြည်နယ် သံဃနာယကအဖွဲ့၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပြည်ပထေရဝါဒ သာသနာပြုအဖွဲ့များမှ ပေးပို့သောသံဝေဂဉာဏ်ပွားတော်မူကြောင်း သဝဏ်လွှာများကို သက်ဆိုင်ရာ ပင့်ဖိတ်ထားသောဆရာတော်ကြီးများက ဖတ်ကြားပူဇော်ကြသည်။

**တင်လှူပူဇော်**

ဆက်လက်၍ နဂါးနှစ်ကောင်ဆရာတော် ဘုရားကြီး၏ ထေရုပ္ပတ္တိကို ဖတ်ကြားပူဇော်ကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်ကြီးများက ပံ့သကူသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အနီး သတ်မှတ်နေရာများတွင် တင်လှူပူဇော်ကြကာ သံဃာတော်များက အနိစ္စာ ဝတသင်္ခါရ အစချီသံဝေဂသုံးဂါထာကို ရွတ်ဆိုပွားများ၍ ပံ့သကူသင်္ကန်းအလှူတော်ခံပြီး လှူဒါန်းမှုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြသည်။



နဂါးနှစ်ကောင်ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား စိန်ကတ္တီပါ လွှမ်းခြုံပူဇော်စဉ်။

ထို့နောက် နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား လောင်တိုက်တော်ပေါ်သို့ ပင့်ဆောင်ကြပြီး ဆရာတော်၊ သံဃာတော်များက အနိစ္စာ ဝတသင်္ခါရာ အစချီသော သံဝေဂ ဂါထာကို ရွတ်ပွားတော်မူကြကာ သာခုသုံးကြိမ်ခေါ်ဆိုပြီး တေဇောဓာတ်ဖြင့် မီးပူဇော်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တာဝန်ရှိသူများ နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အနီး သတ်မှတ်နေရာတွင် ပံ့သကူသင်္ကန်းနှင့် လှူဖွယ်ပစ္စည်း ကပ်လှူစဉ်။



နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တာဝန်ရှိသူများက လောင်တိုက်တော်ပေါ်သို့ ပင့်ဆောင်စဉ်။



နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ဘုရားကြီး၏ အန္တိမစျာပန သာခုကီဠန ပူဇာသဘင်အခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေးနှင့် တက်ရောက်လာကြသူများ ရေစက်သွန်းချစဉ်။



နဂါးနှစ်ကောင်ကျောင်းတိုက် ဆရာတော်ဘုရားကြီး၏ ရုပ်ကလာပ်တော်အား တေဇောဓာတ်လောင်ကျွမ်းနေစဉ်။

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထိုင်းရိုးရာသင်္ကြန်ပွဲတော် ၂၀၂၄ (Songkran Festival 2024) အခမ်းအနား တက်ရောက်အားပေး

**ရန်ကုန် ဧပြီ ၆**

ထိုင်းရိုးရာသင်္ကြန်ပွဲတော် ၂၀၂၄ (Songkran Festival 2024)ကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ဒဂုံမြို့နယ်ရှိ ထိုင်းသံအမတ်ကြီးနေအိမ်၌ ကျင်းပသည်။

**ဖိတ်ကြားထားသူများ တက်ရောက်**

ထိုင်းရိုးရာသင်္ကြန်ပွဲတော်သို့ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ ခေမာရာမ ဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော်ကြီးအမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ ရန်ကုန်မြို့တော်ဝန်ဦးဗိုလ်ဌေးနှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့် ဇနီး၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ မြန်မာနိုင်ငံဆိုင်ရာ အာဆီယံနိုင်ငံ သံရုံးများမှ သံတမန်များ၊ ရန်ကုန်မြို့ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ထိုင်းနိုင်ငံသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။






ဦးစွာ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Mongkol Visitstump က ပန်းနှင့် ဆီမီး ဆက်ကပ်ပူဇော်သည်။

ထို့နောက် ခေမာရာမဘုန်းတော်ကြီးကျောင်း ပဓာနနာယက ဆရာတော်ထံမှ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ချီးမြှင့်သည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော်ကြီးနှင့် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ဆရာတော်ထံမှ မေတ္တာရေပက်ဖျန်းခြင်းနှင့် ဆုတောင်းမေတ္တာခံယူကြကာ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။။

**ဒင်္ဂါးများ ကပ်လှူပူဇော်**

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဗုဒ္ဓရုပ်ပွားတော်မြတ်အား ရေသပ္ပာယ်ကာ ဒင်္ဂါးများ ကပ်လှူပူဇော်ကြပြီး ထိုင်းရိုးရာအစားအစာ ဆိုင်ခန်းများ၊ ပျော်ပွဲရွှင်ပွဲများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ထိုင်းရိုးရာ သင်္ကြန်ပွဲတော် (Songkran) အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး၊ ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ၌ ရောက်ရှိနေကြသည့် ထိုင်းနိုင်ငံသားများသည် ထိုင်းရိုးရာ သင်္ကြန်ရေအေးဖြင့် အပြန်အလှန်ပက်ဖျန်းကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး၏ သင်္ကြန်မိုးသီချင်းသီဆိုမှုနှင့်အတူ ထိုင်းရိုးရာယဉ်ကျေးမှုအဖွဲ့၏ တွဲဖက်ကပြ ဖျော်ဖြေတင်ဆက်မှုကိုလည်းကောင်း၊ အစားအသောက်များ သုံးဆောင်နိုင်ရန် ဖွင့်လှစ်ပေးခြင်းကိုလည်းကောင်း၊ သင်္ကြန်ဖက်ရှင် ဝတ်စားဆင်ယင်မှု ယှဉ်ပြိုင်ခြင်းကိုလည်းကောင်း၊ မြန်မာအဆိုတော် မဆုထက်လှိုင်က ထိုင်းသီချင်းဖြင့် သီဆိုဖျော်ဖြေခြင်းနှင့် သင်္ကြန်အကဖြင့် ဖျော်ဖြေတင်ဆက်မှုကို လည်းကောင်း ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အတူ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး (အပေါ်ပုံ) ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ကပြဖျော်ဖြေခဲ့သူများကို ဂုဏ်ပြုပန်းစည်းလက်ဆောင် ပေးအပ်ချီးမြှင့်သည်။

**ဂုဏ်ပြုညစာဖြင့် တည်ခင်း**

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုက်ကြီးမြို့နယ် အထက်စု (မြစ်ကျိုး) လျှပ်စစ်မြစ်ရေတင်စီမံကိန်းလုပ်ငန်း အကျိုးပြုဧက ၁၈၀၀ ခန့်ကို စိုက်ပျိုးရေပေးဝေနိုင်မည်

**နေပြည်တော် ဧပြီ ၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ အထက်စု (မြစ်ကျိုး) လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးစဉ် ရာသီဥတုဖောက်ပြန်မှုကြောင့် စိုက်ပျိုးရေလုံလောက်မှုကို မထိခိုက်စေရန်၊ စိုက်ပျိုးရေရရှိရေးအတွက် ရေအရင်းအမြစ်များ ရှာဖွေဖော်ထုတ်သုံးစွဲနိုင်ရေးနှင့် အခြေအနေပေးသည့် ဒေသများတွင် လျှပ်စစ်မြစ်ရေတင်လုပ်ငန်းဖြင့် ရာသီအလိုက် သီးထပ်သီးညှပ် စိုက်ပျိုးနိုင်ရေး၊ မိုးစပါးနှင့် နွေစပါး အောင်ရေပေးဝေနိုင်ရေး ဆောင်ရွက်ရန် ကိစ္စရပ်များ၊ ရေလှည့်စနစ်ဖြင့် စိုတစ်လှည့် ခြောက်တစ်လှည့် စိုက်ပျိုးနည်းစနစ် အသုံးပြု စိုက်ပျိုးနိုင်ရေးအတွက် ဒေသခံတောင်သူများကို အသိပညာပေး နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်၍ ရေစက်မောင်းချိန်နှင့် လျှပ်စစ်ဓာတ်အားခ သက်သာစေရေး စီမံဆောင်ရွက်ရန် ကိစ္စရပ်များကို ဆွေးနွေးမှာကြားသည်။



တိုက်ကြီးမြို့နယ်ရှိ အထက်စု (မြစ်ကျိုး) လျှပ်စစ်မြစ်ရေတင် စီမံကိန်းလုပ်ငန်း၏ တူးမြောင်းမကြီးသည် အကျိုးပြုဧက ၁၈၀၀ ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်မည်ဖြစ်ပြီး သရက်ချောင်းပင်မတူးမြောင်းမကြီးမှ ဧက ၁၅၀၀ ခန့်ကို စိုက်ပျိုးရေ ပေးဝေနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် တည်ဆောက်ပြီး ရေပေးမြောင်းများအလိုက် ရေစီမံခန့်ခွဲမှု စနစ်ဖြင့် ရေစမ်းသပ်မောင်းနှင်၍ စိုက်ပျိုးရေပေးဝေခြင်းနှင့် မြို့ပြစက်မှု၊ လျှပ်စစ်တည်ဆောက်ရေးလုပ်ငန်းများကို သတ်မှတ်ကာလ အချိန်မီပြီးစီးရေးအတွက် ဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် တိုက်ကြီးမြို့နယ်၊ ကျားချောင်း ကျေးရွာအနီး အသစ်ဖော်ထုတ်မည့် မွေးမြူရေးဇုန် ရေရရှိနိုင်ရေးအတွက် သနပ်ချောင်း လျှို့ပိတ်တမံ တည်ဆောက်နေမှု၊ တဘူးလှရေသောက်စနစ်၏ လက်ဝဲတူးမြောင်းမကြီး လိုင်နင် ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

တဘူးလှတမံသည် ၂၀၂၃-၂၀၂၄ ခုနှစ် နွေစပါးစိုက်ပျိုးရာသီတွင် လက်ဝဲမြောင်းမကြီး၏ စိစစ်ရေပေးဝေဧကမှာ ၅၅၄၅ ဧက ဖြစ်သော်လည်း ယခုနှစ်တွင် ၆၈၈၅ ဧက ရေပေးဝေနိုင်ခဲ့ခြင်းကြောင့် စိစစ်ဧကထက် ဧက ၁၃၄၀ ကို ပိုမိုပေးဝေနိုင်ခဲ့သည်။ ထို့အပြင် လက်ဝဲရေသောက်စနစ်မှ အသုံးပြုပြီး ပိုလျှံကျဆင်းလာသော ရေများသည် ဥက္ကံသကြားစက် ကားလမ်းဘေးဝဲယာရှိ ရေနုတ်မြောင်းများ အတွင်းသို့ ရောက်ရှိလာသဖြင့် ရေထိန်းရေမြှင့် အဆောက်အအုံ ၁၃ ခု တည်ဆောက်၍ အနီးဝန်းကျင်ရှိ လယ်မြေ ၂၃၇၇ ဧကကို ပြန်လည်ရေပေးဝေနိုင်ခဲ့ခြင်းကြောင့် စုစုပေါင်း စိုက်ပျိုးမြေဧက ၂၇၀၀၀ ကျော်ကို စိုက်ပျိုးရေ အကျိုးပြုလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ငဖဲမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေး ဟောပြော

**ငဖဲ ဧပြီ ၆**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေး ဟောပြောပွဲကို ယနေ့နံနက် ၈ နာရီက ပေကုန်းကျေးရွာ ကန်လယ်မင်း ကျောင်းတိုက်တွင် ကျင်းပသည်။

ဦးစွာ ပေကုန်းကျေးရွာ သုမင်္ဂလာရာမ ကန်လယ်မင်းကျောင်းတိုက် ဆရာတော်ဦးခေမာဝုဓ က အမှာစကားမိန့်ကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက လူငယ်နှင့် စာပေဖတ်ရှုရေးခေါင်းစဉ်ဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း တက်ရောက်နေသော ကျောင်းသား ကျောင်းသူအား ၁၂၆ ဦးအား အသိပညာပေး ပြောကြားခဲ့ကြောင်း သိရသည်။

**မယု (ငဖဲ)**

# နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

နိုင်ငံတော်အစိုးရက ပြည်သူများ အသိပညာ ဗဟုသုတတိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်စေရန် နိုင်ငံတစ်ဝန်း ဖွင့်လှစ်ထားရှိသည့် စာကြည့်တိုက်များအတွက် ရန်ပုံငွေနှင့် စာအုပ်စာစောင်များ ထောက်ပံ့ကူညီပေးလျက်ရှိသကဲ့သို့ စေတနာရှင် အလှူရှင်များကလည်း ပြည်သူများ အလွယ်တကူ စာပေလေ့လာဖတ်ရှုနိုင်စေရေးနှင့်စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလျက်ရှိပါသည်။

နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ စုပေါင်းပေးအပ်လှူဒါန်းပွဲကို ဧပြီလ ၁၀ ရက်နံနက် ၁၀ နာရီတွင် အမျိုးသားစာကြည့်တိုက် (နေပြည်တော်)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့ရုံးများ၌ ကျင်းပပြုလုပ်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ပြည်သူများ စာပေဖတ်ရှုလေ့လာနိုင်စေရေးအတွက် “ပညာဒါန” အလှူအဖြစ် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များထံ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည် –

❖ ညွှန်ကြားရေးမှူး (ထုတ်လုပ်)
ပြန်/ဆက် ဦးစီးဌာန
ဖုန်း ၀၁ ၃၇၁၃၄၂ / ၀၆၇၃၄၁၂၃၇၁ / ၀၉၄၂၁၀၄၆၇၁၅

❖ ညွှန်ကြားရေးမှူး (ပြန်ဆက်)
ပြန်/ဆက် ဦးစီးဌာန
ဖုန်း ၀၆၇၃၄၁၂၀၆၄

❖ တိုင်းဒေသကြီး / ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြန်/ဆက်ဦးစီးဌာနရုံးများ

ပြန်ကြားရေးဝန်ကြီးဌာန

## မုံရွာမြို့၌ ဖွင့်လှစ်ခဲ့သော နွေရာသီအားကစားသင်တန်းများ ဆင်းပွဲကျင်းပ

**မုံရွာ ဧပြီ ၆**

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ညွှန်ကြားမှုဖြင့် တိုင်းဒေသကြီး အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် နွေရာသီ အားကစားသင်တန်းများ ဆင်းပွဲကို ဧပြီ ၅ ရက်က မုံရွာမြို့ ပြည်သူ့အားကစားကွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများ၊ နည်းပြများ၊ သင်တန်းသားသင်တန်းသူများနှင့် မိဘများ တက်ရောက်ကြသည်။



**အားကစားနည်း ၁၄ မျိုး ဖွင့်**

တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်၏ အားကစားမူဝါဒများကို အကောင်အထည်ဖော်နိုင်ရန် အစွမ်းကုန်ပံ့ပိုးကူညီ ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့တိုင်းဒေသကြီးအနေဖြင့် နွေရာသီ အားကစားသင်တန်းများတွင် အားကစားနည်း ၁၄ မျိုးကို ဖွင့်လှစ်ပေးခဲ့ရာ မိဘများကိုယ်တိုင် စိတ်ပါဝင်စားစွာ လာရောက်ပို့ဆောင် တက်ရောက်သင်ကြားစေကြသည်ကို တွေ့ရှိရကြောင်းနှင့် သင်တန်းသားသင်တန်းသူများသည် နည်းပြများ၏ သင်ကြားပို့ချချက်များကို ကြိုးစားသင်ယူလေ့ကျင့်ကာ ရပ်ကွက်/ကျေးရွာ/မြို့နယ်အဆင့်မှ နိုင်ငံ့ဂုဏ်ဆောင် အားကစားမောင်မယ်များ အဆင့်အထိ ရောက်ရှိအောင် ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဘောလုံးသင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် ဝန်ကြီးများက ကရာတေး၊ ကြက်တောင်/တင်းနစ်၊ မြန်မာ့သိုင်း၊ ကိုယ်ကာယလေ့ကျင့်ခန်း သင်တန်းများမှ သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

**တက်ရောက်**

အဆိုပါ နွေရာသီအားကစားသင်တန်းတွင် ဘောလုံး၊ Fitness Dance၊ ဖူဆယ်၊ ကရာတေး၊ စားပွဲတင်တင်းနစ်၊ ဘတ်စကက်ဘော၊ တင်းနစ်၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံး၊ မြန်မာ့သိုင်း၊ ပြေးခုန်ပစ်၊ ဘော်လီဘော၊ ကြက်တောင်၊ ကာယဗလနှင့် ကာယအလှ အားကစား ၁၄ မျိုး ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား သင်တန်းသူ ၄၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တပ်ကုန်းမြို့နယ်၌ ကင်းထောက်လူငယ်သင်တန်းတွင် အခြေခံအသက်ကယ် အထောက်အကူပြုနည်းများ သင်ကြားပို့ချ

**တပ်ကုန်း ဧပြီ ၆**

ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် မြဝတီရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပြည်သာနိုင်ခမ္မာရုံတွင်ကင်းထောက်လူငယ်သင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အခြေခံအသက်ကယ်အထောက်အကူပြုနည်းများ ဆက်လက်သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် တပ်ကုန်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံမှ ကျောင်းသား ကျောင်းသူပေါင်း ၅၀ တက်ရောက်ကြပြီး သင်တန်းနည်းပြ ဆရာငါးဦးဖြင့် ပညာရေးဝန်ကြီးဌာနမှ ထုတ်ဝေသည့် ကင်းထောက်လက်စွဲ(မူကြမ်း)စာအုပ်တွင် ပါရှိသည့်ခေါင်းစဉ်များကို ဧပြီ ၃ ရက်မှ ၇ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးကြောင်းသိရပြီး ယနေ့တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ရာသက်ပန်အသင်းဝင် နည်းပြဆရာမ ဒေါ်မေကလျာဝင်းက အခြေခံအသက်ကယ် အထောက်အကူပြုနည်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**



# တောင်တွင်းကြီးမြို့နယ် ဗိဿနိုးပျူမြို့တော်ဟောင်းတွင် ရှင်အပါး ၅၀၀၀ ကျော် ရှင်ပြုအလှူတော်မင်္ဂလာအခမ်းအနား ကျင်းပ



မကွေး ဧပြီ ၆

သဲဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာ ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ ပညာဇောတ ဦးစီးပဓာနပြု၍ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် တပည့်သာဝကအပေါင်းတို့ စုပေါင်း၍ ကျင်းပပြုလုပ်သော တိုင်းဒေသကြီးအတွင်းရှိ ခရိုင်၊ မြို့နယ်အသီးသီးမှ ရှင်သာမဏေလောင်းများအား သာသနာ့ဘောင်သို့ သွတ်သွင်းခြင်း မင်္ဂလာ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တောင်တွင်းကြီးမြို့နယ် ဗိဿနိုးပျူမြို့တော်ဟောင်းအတွင်းရှိ ရွှေရောင်တော်ဘုရားအနီးရှိ ဗဟိုမဏ္ဍပ်၌ ကျင်းပသည်။

အခမ်းအနားသို့ ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ ပညာဇောတ အမှူးပြုသော ဆရာတော်သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် ဇနီး၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အသီးသီးမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ သာသနာ့ဘောင်သို့ ဝင်ရောက်မည့် ရှင်သာမဏေလောင်းလျာများနှင့် မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။

ဦးစွာ သဲဖြူတောရဓမ္မရိပ်သာနှင့် မဟာမြိုင်တောရဓမ္မရိပ်သာ ဆရာတော်ကြီး၏ စီစဉ်ပေးမှုဖြင့် ရှင်သာမဏေလောင်း ၅၆၀၂ ဦးအတွက် သပိတ်၊ သင်္ကန်းနှင့် တူညီဝတ်စုံများ ထောက်ပံ့ပေးသည်။

ထို့နောက် ရှင်သာမဏေလောင်းများက ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ ပညာဇောတထံမှ သင်္ကန်းတောင်း၍ ဆယ်ပါးသီလခံယူ ဆောက်တည်ခဲ့ပြီးနောက် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တက်ရောက်လာသည့် အလှူရှင်များ၊ ဧည့်ပရိသတ်များက ဆရာတော်ကြီး ဒေါက်တာ ဘဒ္ဒန္တပညာဇောတ အမှူးပြုသော သံဃာတော်များနှင့် ရှင်သာမဏေများကို ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် ရှင်သာမဏေများအား ကိုရင်များအတွက် ဘဝတစ်သက်တာ လိုက်နာစရာစာအုပ်များဖြန့်ဝေ၍ ဆရာတော်များက ပို့ချပေးခဲ့ပြီး ဧပြီ ၇ ရက်တွင်လည်း အလှူတော်မင်္ဂလာရေစက်ချတရားနာခြင်း၊ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များနှင့် ရှင်သာမဏေများအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မောင်ညီညာ



## ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် ဟားခါးမြို့နယ်၌ ဝဥတန်ဖိုးမြှင့်ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နိုင်မှုကော်မတီ၊ ဝဥစိုက်ပျိုးသူ တောင်သူများနှင့်တွေ့ဆုံ

ဟားခါး ဧပြီ ၆

ဟားခါးမြို့နယ်၌ ဝဥတန်ဖိုးမြှင့် ကုန်ထုတ်လုပ်ငန်း ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်နိုင်မှုကော်မတီ၊ ဝဥစိုက်ပျိုးသူ တောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ဧပြီ ၅ ရက်က ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်နှင့် ဟားခါးမြို့နယ် ဝဥစိုက်ပျိုးရေးကုန်ထုတ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း ကော်မတီမှ ကော်မတီဝင်များ တက်ရောက်ကြသည်။

### ကူညီထောက်ပံ့ပေးသွားမည်

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က ဟားခါးမြို့နယ်၌ ဆောင်ရွက်မည့် ဝဥတန်ဖိုးမြှင့်ကုန်ထုတ်စီမံကိန်းသည် ချင်းပြည်နယ်အတွင်းရှိ ဝဥစိုက်တောင်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေး အထောက်အကူဖြစ်စေရန်အတွက် ရေးဆွဲသည့် စီမံကိန်းဖြစ်ကြောင်း၊ ယင်းစီမံကိန်းသည် ငွေကြေးပမာဏများစွာ ရင်းနှီးရမည့်စီမံကိန်းဖြစ်ပြီး ဝဥစိုက်တောင်သူများ ဝန်ထုပ်ဝန်ပိုးမဖြစ်စေရေးအတွက် ပြည်နယ်အစိုးရအဖွဲ့မှ စိုက်ထုတ်၊ ပံ့ပိုးပေးနိုင်မည့် လုပ်ငန်းများတွင် ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အစည်းအဝေးတက်ရောက်လာကြသည့် ဝဥစိုက်ပျိုးရေးကုန်ထုတ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုဝင်များ၊ ဝဥစိုက်တောင်သူများနှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပွင့်ပွင့်လင်းလင်း အကြံပြုဆွေးနွေးတင်ပြကြစေလိုကြောင်း အမှာစကား ပြောကြားသည်။

### ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

ထို့နောက် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်နှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးနေလင်းအောင်တို့က ဝဥတန်ဖိုးမြှင့်ကုန်ထုတ်စီမံကိန်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဆွေးနွေးတင်ပြကြပြီး ပြည်နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဇော်ထွန်းက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဟားခါးမြို့နယ်တွင် ဆောင်ရွက်မည့် ဝဥတန်ဖိုးမြှင့်စီမံကိန်းနှင့် ပတ်သက်၍ လည်းကောင်း၊ ဟားခါးမြို့နယ် ဝဥစိုက်ပျိုးရေးကုန်ထုတ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစုဥက္ကဋ္ဌ ဦးဆန်အုပ်မန်းက ဟားခါးမြို့နယ် ဝဥစိုက်ပျိုးရေးကုန်ထုတ်နှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းစု ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို လည်းကောင်း၊ စီမံကိန်း တစ်နှစ်တာအတွင်း ငွေကြေးစီးဆင်းမှုအခြေအနေ ပြည်နယ်သမဝါယမဦးစီးဌာနမှ စာရင်းကိုင်တစ်ဦးက လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် အစည်းအဝေးတက်ရောက်လာကြသည့် ဝဥစိုက်တောင်သူများက ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မြစ်ကြီးနားမြို့၌ ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲနှင့် ဝိုင်းမော်မြို့နယ်အတွင်းရှိ ယာယီနေရပ်စွန့်ခွာသူများအား အခမဲ့ကျန်းမာရေး စောင့်ရှောက်ပေးနေမှု ကချင်ပြည်နယ်ဝန်ကြီးချုပ် လှည့်လည်ကြည့်ရှုအားပေး

မြစ်ကြီးနား ဧပြီ ၆

**၂၀၂၄ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် (၂၇)ကြိမ်မြောက် ပန်းချီ၊ ကာတွန်း၊ ပိုစတာနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲများကို ဧပြီ ၆ ရက်က ကချင်ပြည်နယ် မြစ်ကြီးနားမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အေးမြသီတာခန်းမ၌ ကျင်းပသည်။**

ထိုသို့ ပြိုင်ပွဲများ ကျင်းပနေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာနှင့် တာဝန်ရှိသူများသည် ခန်းမအတွင်း အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် ကျောင်းသားကျောင်းသူ ၄၇ ဦးတို့က ကဏ္ဍအလိုက် သက်ဆိုင်ရာပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နေမှုများကို စိတ်ပါဝင်စားစွာ လှည့်လည်ကြည့်ရှုအားပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ချီးမြှင့်ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဝိုင်းမော်မြို့နယ်အတွင်းရှိ အောင်မြင်(၁/၂)၊ ရွှေညောင်ပင် စန်းကားကျေးရွာများမှ နယ်မြေအခြေအနေအရ ယာယီနေရပ်စွန့်ခွာလာသော အိမ်ထောင်စုများအား ပြည်နယ်အစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ၎င်းတို့ ယာယီတည်းခိုနေထိုင်ရာ ဘာသာရေးကျောင်းများတွင် အခမဲ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နောင်ချိန်းကျေးရွာ နှစ်ခြင်းခရစ်ယာန်အသင်းတော် ဘုရားကျောင်းဝင်းအတွင်း၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

ထိုသို့ သွားရောက်ကြည့်ရှုအားပေးရာတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ဘုရားကျောင်းဝင်းအတွင်း ခန်းမဆောင်၌ ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ပြည်နယ်ဦးစီးမှူး ဒေါက်တာ တင့်နိုင်၊ မြစ်ကြီးနား ပြည်သူ့ဆေးရုံအုပ်ကြီး၊ သမားတော်/ အထူးကုဆရာဝန်ကြီးများ၊ ဝိုင်းမော်မြို့နယ် ပြည်သူ့ဆေးရုံအုပ်ကြီးနှင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများက ပြည်နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တပ်ဖွဲ့ဝင်များ၊ ကချင်ပြည်နယ် အခမဲ့ဆေးဝါးကုသရေးဖောင်ဒေးရှင်းအဖွဲ့ဝင်များ၏ ကူညီဖြည့်ဆည်းပေးမှုဖြင့် သားဖွားမီးယပ်ရောဂါ၊ ကလေးဖျားနာရောဂါ၊ ငှက်ဖျားရောဂါ၊ အထွေထွေရောဂါနှင့် သွားနှင့် ခံတွင်းရောဂါများကို စစ်ဆေးကုသပေးခြင်း၊ ဆေးဝါးပေးခြင်းတို့ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဘုရားကျောင်းဝင်းအတွင်းနှင့် ကျေးရွာအတွင်း ယာယီနေရပ်စွန့်ခွာနေထိုင်ကြသည့် အိမ်ထောင်စုများအား အားပေးစကားပြောကြားပြီး အိမ်ထောင်စုများအတွက် ထောက်ပံ့ငွေကျပ်သုံးသိန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်တွင် ပါဝင်သူများအား ထောက်ပံ့ချီးမြှင့်ငွေများကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)



## ပါဠိပထမပြန်စာမေးပွဲ စတုတ္ထနေ့ ကျင်းပ

**နေပြည်တော် ဧပြီ ၆**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၄ ခုနှစ်၊ ပါဠိပထမပြန်စာမေးပွဲကို ယနေ့တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၁၆ ဌာနတို့၌ စာဖြေစာရင်းသွင်း ၆၀၀၉၆ ပါး/ဦးအနက် ၄၈၄၆၉ ပါး/ဦး ဖြေဆိုကြသဖြင့် ၈၀ ဒသမ ၆၅ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**သတင်းစဉ်**

## နောင်ချိုမြို့နယ်တွင် အစိုးရပါဠိပထမပြန် စာမေးပွဲဖြေဆို

**နောင်ချို ဧပြီ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်တွင် သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၄ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ တတိယနေ့ကို ယမန်နေ့က တောင်ရပ်ကွက် မဏိရတနာ သာသနာ့ဗိမာန်တော်တွင် ဆက်လက်ဖြေဆိုလျက်ရှိသည်။

စာမေးပွဲတွင် နောင်ချိုမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များနှင့် ဘုန်းတော်ကြီးကျောင်းများမှ အခြေပြုမူလတန်း၊ ပထမငယ်တန်း၊ ပထမလတ်တန်းနှင့် ပထမကြီးတန်းတို့တွင် စာရင်းပေးသွင်းထားသော ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၁၄၂ ပါးရှိပြီး ဖြေဆို ၁၀၈ ပါးနှင့် ပျက်ကွက် ၃၄ ပါးရှိကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

**ထွေးငယ် (ပြန်/ဆက်)**

## ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများစာတတ်မြောက်ရေး တိုင်းဒေသကြီး၊ ပြည်နယ်များ၌ စာသင်ဝိုင်းများဖြင့်သင်ကြား

**ပဲခူး**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ဧပြီ ၆ ရက် နံနက်ပိုင်းက အခြေခံစာတတ်မြောက်ရေး စာသင်ဝိုင်းများသို့ သွားရောက်ကြည့်ရှုအားပေးသည်။ **(အောက်ပုံ)**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်းတို့၌ ၂၀၂၄ ခုနှစ် အခြေခံပညာစာတတ်မြောက်ရေးလုပ်ငန်း စာသင်ဝိုင်းသို့ သွားရောက်ကြည့်ရှုအားပေးပြီး အခြေခံစာတတ်မြောက်ရေးတွင် စိတ်ပါဝင်စားစွာ လာရောက်လေ့လာသင်ယူနေသည့် အသက် ၉၅ နှစ်ကျော် အဘိုးအဘွားတို့အား ထောက်ပံ့ငွေများ ဂုဏ်ပြုပေးအပ်သည်။

တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ဧပြီ ၆ ရက်မှစတင်ပြီး အခြေခံစာတတ်မြောက်ရေး တက်ရောက်သင်ကြားမည့်သူ ၉၅၆၃ ဦးအား စာသင်ဝိုင်း ၆၉၆ ဝိုင်း၊ နည်းပြဆရာ ၇၁၁ ဦးနှင့် ကြီးကြပ်ဆရာ ၇၄ ဦးတို့ဖြင့် ခေါင်းစဉ် ၁၃ မျိုး ပူးတွဲသင်ကြားလျက်ရှိပြီး အခြေခံစာတတ်မြောက်ရေးအပြင် နိုင်ငံ့သားကောင်းဖြစ်ရေး ဦးတည်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**





**မော်လမြိုင်**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ဧပြီ ၆ ရက် နံနက်ပိုင်းတွင် ကျေးလက်ဒေသနေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ စာတတ်မြောက်ရေး၏ ကဏ္ဍတစ်ခုဖြစ်သည့် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ စာသင်ဝိုင်းများတွင် စာသင်သားများ သင်ကြားနေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် မော်လမြိုင်မြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ ငန်းတေးရပ်ကွက်သို့သွားရောက်၍ အဆိုပါစာသင်ဝိုင်း၌ စာတတ်မြောက်ရေး သင်ကြား၊ သင်ယူလျက်ရှိသည့် စေတနာရှင်လုပ်အားပေး နည်းပြနှစ်ဦး၊ ကြီးကြပ်သူတစ်ဦးနှင့် စာသင်သား ၃၁ ဦးတို့ကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားပြီး စာသင်ဝိုင်းများအတွက် စာရေးကိရိယာပစ္စည်းများ ပေးအပ်သည်။

၂၀၂၄ ခုနှစ် ဧပြီ ၆ ရက်မှ မေ ၁၅ ရက်အထိ အခြေခံစာတတ်မြောက်ရေးလုပ်ငန်းများကို မော်လမြိုင်မြို့နယ်၌ စာသင်သား ၁၀၂၀၊ စာသင်ဝိုင်း ၆၈ ဝိုင်း၊ နည်းပြဆရာမ ၆၈ ဦး၊ ကြီးကြပ်သူ ခုနစ်ဦးဖြင့် ရက်ပေါင်း ၄၀ ကြာ သင်ကြားခြင်းအစီအစဉ်များကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စည်သူ (ပြန်/ဆက်)**



**မွန်ပြည်နယ် မုဒုံမြို့နယ်တွင် အခြေခံ စာတတ်မြောက်ရေး သင်တန်းဖွင့်ပွဲကို အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း၌ ဧပြီ ၆ ရက်က ဖွင့်လှစ်သင်ကြားပေးစဉ်။**

**အောင်မျိုးသူ (ပြန်/ဆက်)**

**ပြင်ဦးလွင်**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် အတွင်းရှိ ကျေးလက်နေပြည်သူများ ပညာရေးနှင့် ရင်းနှီးကျွမ်းဝင်ပြီး စာတတ်မြောက်ရေး မြှင့်တင်နိုင်ရန် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း အတွက် စာသင်ဝိုင်းများကို သတ်မှတ်နေရာများတွင် ယနေ့မွန်းလွဲ ၁ နာရီက စတင်ဖွင့်လှစ်သင်ကြားလျက်ရှိသည်။

ပြင်ဦးလွင်မြို့နယ်အတွင်းရှိ တောင်ကျွန်း ( အ.မ.က ) တွင် စံပယ်စာသင်ဝိုင်း၊ မိုးကြိုးကွက်သစ် (အ.လ.က ) တွင် ကံ့ကော်စာသင်ဝိုင်း ၊ ကျွဲနွားထောက် ( အ.ထ.က – ခွဲ ) တွင် မေမြို့စာသင်ဝိုင်း၊ ပြင်စာ (အ.ထ.က) တွင် စိန်ပန်းစာသင်ဝိုင်းနှင့် ဘော် (မူလွန်) တွင် ချယ်ရီစာသင်ဝိုင်းတို့၌ သင်တန်းကြီးကြပ် ဆရာဆရာမများ၊ သင်တန်းနည်းပြဆရာဆရာမများက သင်တန်းသား ၇၉ ဦးကို သင်ကြားလျက်ရှိသည်။

အဆိုပါ စာသင်ဝိုင်းများကို ဧပြီ ၆ ရက်မှ မေ ၁၅ ရက်အထိ (သင်္ကြန်အကြိုနေ့မှ နှစ်ဆန်း ၁ ရက်နေ့အထိ ငါးရက်မပါ) ရက်ပေါင်း ၃၅ ရက် တိတိဖြင့် တစ်ရက်စာသင်ချိန် အနည်းဆုံး သုံးနာရီ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## အိမ်မဲမြို့နယ်တွင် အခြေခံစာတတ်မြောက်ရေးလုပ်ငန်း မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်

**အိမ်မဲ ဧပြီ ၆**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အထက (၂) ကျောင်း ပညာ့ဗိမာန်ခန်းမတွင် မြို့နယ်ပညာရေးမှူးရုံးက မြို့နယ်အတွင်း ကျေးလက်နေပြည်သူများနှင့် တိုင်းရင်းသားပြည်သူများ အခြေခံစာတတ်မြောက်ရေးလုပ်ငန်း မြို့နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ယမန်နေ့က ဖွင့်လှစ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ကိုကိုနှင့် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်ခင်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များ ပြောကြားသည်။ အဆိုပါသင်တန်းကို ဧပြီ ၅ ရက်မှစ၍ ဧပြီ ၇ ရက်အထိ သင်တန်းနည်းပြငါးဦး၊ သင်တန်းကြီးကြပ် ၁၀ ဦးတို့က သင်တန်းသားသင်တန်းသူ ၈၅ ဦးကို သင်ကြားသွားမည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက



အိမ်မဲမြို့နယ်အတွင်း ကျေးရွာအုပ်စု ၁၀၂ အုပ်စုမှ စာမတတ်သူပြည်သူများကို စာသင်ဝိုင်း ၉၀ ဝိုင်းဖြင့် ဧပြီ ၈ ရက်မှ မေ ၁၉ ရက်အထိ ပြန်လည်သင်ကြားပေးမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**အိမ်မဲ (ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

ဂိုးကန်သွင်းချက် သာလွန်မှုနှင့်အတူ သွင်းဂိုးများ ရယူနိုင်ခဲ့သည်။

မန်စီးတီး အသင်းအတွက် ဒုတိယဂိုးနှင့် တတိယဂိုးကို ရီကိုနှင့် ဟာလန်းတို့က သွင်းယူပေးပြီး အသင်းအတွက် အနိုင်သေချာစေမည့် စတုတ္ထဂိုးကို ဒီဘရိုင်းက သွင်းယူပေးခဲ့သည်။ ခရစ္စတယ်ပဲလေ့စ်အသင်းအတွက် ဒုတိယဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် အီဒွေါဒ်က သွင်းယူပေးခဲ့သည်။

မန်စီးတီးအသင်းသည် ယခုပွဲစဉ်တွင် နိုင်ပွဲရရှိခဲ့သည့်အတွက် ပရီမီယာလိဂ်တွင် နိုင်ပွဲ ၂၁ ပွဲနှင့်အတူ ရမှတ် ၇၀ အထိ ရှိလာပြီဖြစ်သည်။

### အခြားပွဲရလဒ်များ

အခြား ပွဲစဉ်များတွင် အဲဗာတန်က ဘန်လေကို တစ်ဂိုး–ဂိုးမရှိ၊ လူတန်က ဘုန်းမောက်ကို နှစ်ဂိုး–တစ်ဂိုးဖြင့် နိုင်ပြီး ဖူဟမ်ကို ကာဆယ်က တစ်ဂိုး–ဂိုးမရှိ၊ ဝုဖ်ကို ဝက်စ်ဟမ်းက နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရသည်။ ဗီလာနှင့် ဘရန့်ဖို့ဒ်တို့ပွဲမှာ သုံးဂိုးစီသရေပွဲဖြစ်ခဲ့သည်။

**အောင်ဇော်**

# အကြိမ်(၂၀) မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး၊ (၁၁) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကျင်းပ

**နေပြည်တော် ဧပြီ ၆**

အကြိမ်(၂၀) မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (20th ASEAN Central Bank Governors' Meeting–ACGM)၊ (၁၁)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများအစည်းအဝေး (11th ASEAN Finance Ministers' and Central Bank Governors' Meeting–AFMGM) နှင့် ဆက်စပ်အစည်းအဝေးများကို ယမန်နေ့က လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ လွမ်ပရာဘွမ်မြို့၌ ကျင်းပသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် နံနက်ပိုင်းတွင် အကြိမ်(၂၀)မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့လည်းကောင်း၊ မွန်းလွဲပိုင်းတွင် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေး အဖွဲ့အစည်းများ၏ အစည်းအဝေးနှင့် (၁၁) ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးများသို့လည်းကောင်း တက်ရောက်ခဲ့သည်။

အကြိမ်(၂၀)မြောက် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးတွင် လက်ရှိအာဆီယံ၏ သဘာပတိဖြစ်သူ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံဗဟိုဘဏ်က ၂၀၂၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ အာဆီယံဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌများအစည်းအဝေး၏ သဘာပတိက အာဆီယံငွေရေးကြေးရေးပေါင်းစည်းရေး လုပ်ငန်းများကြီးကြပ်ထိန်းကျောင်းသည့် အာဆီယံအဆင့်မြင့်ကော်မတီ (ASEAN Senior Level Committee–SLC) အောက်ရှိ အာဆီယံငွေရေးကြေးရေးပေါင်းစည်းမှုဆိုင်ရာ လုပ်ငန်းကော်မတီများမှ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၏ နောက်ဆုံးတိုးတက်မှု၊ ရေရှည်တည်တံ့ခိုင်မြဲသည့် စဉ်ဆက်မပြတ်ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လုပ်ငန်းစဉ်များနှင့် အာဆီယံ ငွေကြေးဖလှယ်မှုအစီအစဉ် (ASEAN Swap Arrangement–ASA) နှင့် စပ်လျဉ်း၍ နောက်ဆုံးတိုးတက်မှုအခြေအနေများကို တင်ပြပြီး အစည်းအဝေးသို့တက်ရောက်လာကြသည့် အာဆီယံဗဟိုဘဏ်ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနေ့မွန်းလွဲပိုင်းတွင် အာဆီယံဘဏ္ဍာရေးဝန်ကြီးများ၊ ဗဟိုဘဏ်ဥက္ကဋ္ဌများနှင့် အပြည်ပြည်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အစည်းအဝေးအားဆက်လက်ကျင်းပရာ အာရှဖွံ့ဖြိုးရေးဘဏ် (Asian Development Bank–ADB) မှ အာဆီယံဒေသတွင်း ကြုံတွေ့ရသည့် အခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်မည့်နည်းလမ်းများ တိုးမြှင့်နိုင်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ ကမ္ဘာ့ဘဏ် (World Bank) မှ အရှေ့အာရှနှင့် ပစိဖိတ်ဒေသ၏ စီးပွားရေးဆိုင်ရာ အလားအလာများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့ (International Monetary Fund–IMF) မှ ကမ္ဘာ့စီးပွားရေးနှင့် ဒေသတွင်းစီးပွားရေးအလားအလာများဆိုင်ရာ မူဝါဒများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ အာဆီယံ+၃ မေခရိုစီးပွားရေးသုတေသနရုံး (ASEAN+3 Macroeconomic Research Office–AMRO) မှ အာဆီယံ+၃ နှင့် အာဆီယံဒေသ၏ စီးပွားရေးဆိုင်ရာ ခန့်မှန်းချက်များနှင့်စပ်လျဉ်း၍ လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသူများက အကြံပြုချက်များပေးခြင်းနှင့် မေးခွန်းများမေးမြန်း၍ အပြန်အလှန်ဆွေးနွေးကြသည်။

ဆက်လက်၍ (၁၁)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကိုကျင်းပရာ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၂၄ ခုနှစ်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌအနေဖြင့် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်က ၂၀၂၅ အာဆီယံစီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံအရ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၏ လတ်တလောတိုးတက်မှုအခြေအနေများ (Recent Developments of the AEC Blueprint 2025)၊ အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေး၏ ပူးတွဲသဘာပတိမှ အာဆီယံငွေကြေးနှင့် ငွေရေးကြေးရေးပေါင်းစည်းရေး လမ်းပြမြေပုံ (Roadmap for Monetary and Financial Integration of ASEAN–RIA–FIN) အရ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၊ အာဆီယံရေရှည်တည်တံ့ခိုင်မြဲသည့် စဉ်ဆက်မပြတ် ဘဏ္ဍာရေးပူးပေါင်းဆောင်ရွက်မှု (ASEAN Sustainable Finance Cooperation) ဆိုင်ရာ လုပ်ငန်းစဉ်များ၏ လုပ်ငန်းတိုးတက်မှုအခြေအနေများ၊ အာဆီယံစီးပွားရေးအသိုက်အဝန်း လမ်းပြမြေပုံအရ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတိုးတက်မှု အခြေအနေများ၊ အာဆီယံငွေရေးကြေးရေးပေါင်းစည်းမှုဆိုင်ရာ လုပ်ငန်းကော်မတီများ၏ ၂၀၂၄–၂၀၂၅ ခုနှစ်အတွင်း ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ တင်ပြဆွေးနွေးခဲ့ရာ တက်ရောက်လာကြသည့် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများက အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

ထို့နောက် (၁၁)ကြိမ်မြောက် အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေး (11th AFMGM)၏ပူးတွဲကြေညာချက်မူကြမ်းကို အပြီးသတ်ဆွေးနွေး၍ အတည်ပြုခဲ့ကြသည်။ (၁၂) ကြိမ်မြောက်အာဆီယံဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးကို လာမည့် ၂၀၂၅ ခုနှစ်တွင် မလေးရှားနိုင်ငံ၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ရန်ကုန်မြို့ရှိ အလုပ်သမားအများစုနေထိုင်ရာ နေရာအချို့တွင် အဆောင်လခများ ဈေးတက်

**ရန်ကုန် ဧပြီ ၆**

ရန်ကုန်မြို့ရှိ အလုပ်သမားအများစုနေထိုင်ရာ နေရာအချို့တွင် လတ်တလောကာလအတွင်း အဆောင်လခများ ဈေးတက်နေကြောင်း အလုပ်သမားအရေးကူညီ ဆောင်ရွက်ပေးနေသူများထံမှ သိရသည်။

"ဈေးတက်တာ ကလည်း အဆောင်ရှင်တွေအနေနဲ့ မတက်နဲ့လို့ပြောလို့မရပါဘူး။ ဘာကြောင့်လဲဆိုရင် အဆောင်ငှားထားပြီး တစ်ခုခုပျက်လို့ ပြင်မယ်ဆိုရင် ကုန်ကျစရိတ်က နှစ်ဆဖြစ်နေတာ။ သင်္ကြန်လည်း နီးလာပြီး ဈေးနှုန်းတွေကလည်း တက်လာတဲ့အခါ သူတို့လည်း တက်ရတာပေါ့"ဟု အလုပ်သမားအရေး ဆောင်ရွက်နေသူ တစ်ဦးက ပြောသည်။

အဆောင်ငှားရမ်းခ အနေဖြင့် တစ်ယောက်အိပ်ခန်း တစ်ခန်းလျှင် ငွေကျပ် ၄၀၀၀၀ ခန့်မှစတင်ကာ မိသားစုနေထိုင်နိုင်သည့် အခန်းတစ်ခန်းလျှင် ငွေကျပ် ၈၀၀၀၀ မှ ငွေကျပ် ၁၀၀၀၀၀ အထိ အခန်းအကျယ်အဝန်းပေါ်မူတည်၍ ဈေးနှုန်းရှိနေကြောင်း သိရသည်။ **MT**




# မိုးညှင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် အစိုးရပါဠိ ပထမပြန်စာမေးပွဲ ဆက်လက်ကျင်းပ

**မိုးညှင်း ဧပြီ ၆**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ်အတွင်းရှိ စာသင်သံဃာတော်များ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ၏ ၂၀၂၄ ခုနှစ် အစိုးရပါဠိ ပထမပြန်စာမေးပွဲကို မြို့နယ်သာသနာရေးဦးစီးဌာနကကြီးမှူး၍ ဧပြီ ၃ ရက်မှစတင်ကာ ဥတ္တရာရာမကျောင်းတိုက်၌ ကျင်းပလျက်ရှိသည်။

အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲဖြေဆိုရာတွင် မြို့နယ်သံဃနာယကဆရာတော်ကြီးနှင့် ဩဝါဒါစရိယဆရာတော်ကြီးများက ကြီးကြပ်၍ စာဖြေသံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များ စာရင်းသွင်း ၁၈၆ ပါးရှိသည့်အနက် ဖြေဆို ၁၇၃ ပါး ဖြေဆိုလျက်ရှိသည်။

ထိုသို့ ဖြေဆိုကြရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်သာသနာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ဥတ္တရသီရိမြို့နယ်၌ စိုက်ပျိုးနည်းပညာနှင့် ဈေးကွက်သတင်းအချက်အလက်များရယူသုံးစွဲနိုင်ရေး ရှင်းလင်း

**ဥတ္တရသီရိ ဧပြီ ၆**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတွင် စိုက်ပျိုးရေး တောင်သူများ Mobile Phone အသုံးပြု၍ စိုက်ပျိုးရေးနည်းပညာနှင့် ဈေးကွက်သတင်းအချက်အလက်များ ရယူသုံးစွဲနိုင်ရေး Mobile Phone အသုံးပြုနည်း သင်တန်းကို ယမန်နေ့နံနက်ပိုင်းက အဆိုပါရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်သင်ကြားသည်။



အဆိုပါသင်တန်းတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမျိုးနိုင်က ကြီးကြပ်၍ ကွင်းဝန်ထမ်း ရှစ်ဦးတက်ရောက်ပြီး သင်တန်းတွင် Mobile phone ဖြင့် အသုံးပြုခြင်း၊ ဈေးကွက် DOA Website သတင်းအချက်အလက်များနှင့် စိုက်ပျိုးနည်းပညာများ ရယူခြင်း နည်းလမ်းများနှင့် အခြား ICT ဆိုင်ရာ အထွေထွေ ဗဟုသုတများအား သင်ကြားပေးကာ တောင်သူအသိပညာပေး စင်တာများတွင်လည်း ကျေးလက်စိုက်ပျိုးရေး တောင်သူများအား ဆင့်ပွားသင်တန်းများ ဆက်လက်သင်ကြားပို့ချပေးသွားမည် ဖြစ်ကြောင်း သိရသည်။ **အောင်မျိုးဝင်း(ပြန်/ဆက်)**

# ဟင်းချက်ရာတွင်အသုံးပြုသည့် ကြက်သားမှုန့်များ ပစ္စည်းရှားပြီး ဈေးကောင်းရနေ

**ရန်ကုန် ဧပြီ ၆**

ဈေးကွက်အတွင်း ဟင်းချက်ရာတွင်အသုံးပြုသည့် အချိုမှုန့်များ ရောင်းအားတက်နေပြီး ကြက်သားမှုန့်များမှာမူ ပစ္စည်းရှားသည့်အတွက် ဈေးကောင်းနေကြောင်း ကုန်ခြောက်ပစ္စည်းအရောင်းဆိုင်များထံမှ သိရသည်။

"အရင်က ကြက်သားမှုန့် အထုပ်သေးတစ်ထုပ် ကျပ် ၂၀၀ တန်က အခု ကျပ် ၃၅၀ ရောင်းနေရတယ်။ ဈေးတက်တာကြာပြီ။ ကြက်သားမှုန့် ပစ္စည်းပြတ်နေတာပါ။ အဲဒီတော့ ကြက်သားမှုန့်ကြိုက်တဲ့ အိမ်ရှင်မတွေအနေနဲ့ ဟင်းချိုမှုန့်ကို သုံးနေရတယ်"ဟု ဆန်းဆန်းဝင်းကုန်ခြောက်ပစ္စည်းအရောင်းဆိုင်မှ ဆိုင်ရှင်က ဆိုသည်။

ကြက်သားမှုန့်ကို ထိုင်းနိုင်ငံဘက်မှ အများဆုံးတင်သွင်းခြင်းဖြစ်ပြီး အခြားဟင်းခတ်မှုန့်အချို့ရှိနေသော်လည်း အချိုမှုန့်ကိုသာ ပြန်လည်ရွေးချယ်လာကြခြင်းဖြစ်ကြောင်း သိရသည်။ **Thit Taw**

ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကို မသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။

# ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးနည်းပညာသုတေသနများ မြှင့်တင်ဆောင်ရွက်ပေး



**နေပြည်တော် မေ ၆**

သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျသည် မေ ၂ ရက် နံနက်ပိုင်းတွင် ကွန်ပျူတာ တက္ကသိုလ်(ဟသ်ာတ)ရှိ ဘွဲ့နှင်း သဘင်ခန်းမ၌ ဟသ်ာတမြို့ရှိ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်နှင့် အစိုးရစက်မှုလက်မှု အထက်တန်းကျောင်းတို့မှ တာဝန် ရှိသူများ၊ ကျောင်းသား ကျောင်းသူ များနှင့်တွေ့ဆုံ၍ ဒေသတွင်းဖွံ့ဖြိုး တိုးတက်ရေး အတွက်သာမက ပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက် ရေး လုပ်ငန်းစဉ်များတွင်လည်း တာဝန်ကျေပွန်စွာ သယ်ပိုး ရွက်ဆောင်နိုင်သော တက္ကသိုလ်/ ကျောင်းများဖြစ်စေရေး အလေး ထားဆောင်ရွက်ကြရန်၊ နိုင်ငံ ချစ်စိတ်ရှိ၍ အရည်အသွေး ပြည့်မီသော လူငယ်အင်ဂျင်နီယာ များ၊ နည်းပညာရှင်များ စဉ်ဆက် မပြတ် ပေါ်ထွန်းလာစေရေး ဆောင်ရွက်သွားရန်၊ တိုက်တွန်း မှာကြားပြီး တာဝန်ရှိသူများနှင့် ထူးချွန်ဆရာ ဆရာမများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့် သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သည် နည်းပညာတက္ကသိုလ် (ဟသ်ာတ)သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ စာမေးပွဲ ဖြေဆိုနေမှုများကိုကြည့်ရှုအားပေး ပြီး ကျောင်းသား ကျောင်းသူများ ရွှင်လန်းချမ်းမြေ့စွာ ဖြေဆိုနိုင်ရေး လိုအပ်သည်များ ပံ့ပိုးပေးရန်နှင့် Academic Calendar အတိုင်း ဆက်လက်ဆောင်ရွက်ရန် တာဝန် ရှိသူများကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး သည် မြို့ပြအင်ဂျင်နီယာဌာနရှိ Fluid Lab၊ Strength Lab နှင့် Water Resources Lab ရှိ စပါးခွံ လောင်စာသုံး Gasifier ဆိုင်ရာ ရေဆိုးသန့်စင်စနစ် သုတေသန များမှ စမ်းသပ်မှုရလဒ်များ၊ စက်မှုအင်ဂျင်နီယာဌာနရှိ စက်မှု လယ်ယာသုံး စက်ပစ္စည်းကိရိယာ များဆိုင်ရာ သုတေသနများနှင့် Hexa-Pedal Robot Mechanism ဆောင်ရွက်ထားမှု၊ လျှပ်စစ် စွမ်းအား အင်ဂျင်နီယာဌာနရှိ စပါးခွံလောင်စာသုံး Gasifier ဆိုင်ရာ ဓာတ်ငွေ့သန့်စင်စနစ် Electrostatic Precipitator (ESP) သုတေသနမှ စမ်းသပ်မှု ရလဒ်များ၊ Solid State Tesla Coil မှ ကြိုးမဲ့လျှပ်စစ်ကူးပြောင်း ခြင်း စမ်းသပ်မှုရလဒ်များနှင့် EV သုံးမော်တာဆိုင်ရာ သုတေသနမှ စမ်းသပ်မှုရလဒ်များ၊ အီလက် ထရောနစ် အင်ဂျင်နီယာဌာနရှိ Wi-Fi ဖြင့် ထိန်းချုပ်သည့် ငါးအစာကျွေးစနစ်နှင့် အခြား သုတေသနများ စမ်းသပ်မှုရလဒ် များကို ကြည့်ရှုစစ်ဆေးကာ နည်းပညာများကို သက်ဆိုင်ရာ ဌာနများနှင့် MSME လုပ်ငန်းရှင် များ၏ လက်ဝယ်အရောက် လွှဲပြောင်း ဖြန့်ဝေပေးနိုင်ရေး အလေးထား ဆောင်ရွက်ရန် မှာကြားသည်။ ထို့နောက် ဒုတိယ ဝန်ကြီးသည် တက္ကသိုလ်ရှိ Smart Class Room နှင့် Language Lab များကိုကြည့်ရှုစစ်ဆေးပြီး ကွန်ပျူ တာခန်း၌ ကျောင်းသား ကျောင်းသူ များ ပရောဂျက်များ ဆောင်ရွက် နေမှုတို့ကို ကြည့်ရှုအားပေး၍ အနာဂတ် တိုင်းပြည်တာဝန်ကို ပခုံးပြောင်း ထမ်းဆောင်ကြမည့် သူများဖြစ်၍ ဗလငါးတန်နှင့် ပြည့်စုံသော နိုင်ငံ့လူငယ်ကောင်း အင်ဂျင်နီယာများ ဖြစ်စေရေး ရည်မှန်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး သည် ခိုင်စပယ်စပါးခွံလောင်စာ သုံး Gasifier စက်ရုံ လည်ပတ် မောင်းနှင်နေမှုကို ကြည့်ရှုစစ်ဆေး ကာ လိုအပ်သည်များ မှာကြား ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲ ကျင်းပ



**နေပြည်တော် မေ ၆**

၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုး သားဘော်လီဘောပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော်အားကစား ရုံ၌ ကျင်းပရာ နေပြည်တော် ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုး၊ ဦးဇေယျာလင်း၊ ဦးမြင့်စိုး၊ ဦးမင်းဦး နှင့် ဦးဟန်သူ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြား ရေးမှူးချုပ်၊ ဌာနဆိုင်ရာများ၊ ဒိုင်အဖွဲ့များ၊ ပြိုင်ပွဲဝင်အသင်း များမှ အုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများ၊ အားကစား ဝါသနာရှင်များ တက်ရောက် ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီ ဝင် ဗိုလ်မှူးကြီး ရဲမိုးက ယခုပြိုင်ပွဲ မှတစ်ဆင့် နိုင်ငံတော်က အားထားရမည့် နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများ ဖြစ်လာစေရန် ကြိုးစားယှဉ်ပြိုင် သွားကြရန် ပြောကြားပြီး ၂၀၂၄ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဖလား မြို့နယ်ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲကို ဖွင့်လှစ် ပေးသည်။

ထို့နောက်ပြိုင်ပွဲဝင်အားကစား သမားများက အားကစားသစ္စာ ဓိဋ္ဌာန် (၄)ချက်ကို ရွတ်ဆိုကြ သည်။

ယင်းနောက် နေပြည်တော် ကောင်စီဝင်များနှင့် တာဝန်ရှိသူ များက ပြိုင်ပွဲဝင်အသင်းများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် ကြပြီး အသက် ၂၅ နှစ်အောက် အမျိုးသား ဘော်လီဘောပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် တပ်ကုန်း မြို့နယ်အသင်းနှင့် ပျဉ်းမနား မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစား နေမှုများကို ကြည့်ရှုအားပေး ကြသည်။ **(အပေါ်ပုံ)**

၂၀၂၄ ခုနှစ် နေပြည်တော် ကောင်စီဥက္ကဋ္ဌဖလား မြို့နယ် ပေါင်းစုံ အသက် ၂၅ နှစ်အောက် အမျိုးသားဘော်လီဘောပြိုင်ပွဲကို မေ ၆ ရက်မှ ၁၀ ရက်အထိ ပြည်ထောင်စုနယ်မြေ နေပြည် တော်အားကစားရုံ၌ ကျင်းပသွား မည်ဖြစ်ရာ မြို့နယ်ရှစ်မြို့နယ်မှ ပြိုင်ပွဲဝင်အသင်း စုစုပေါင်းရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည် ဖြစ် ကြောင်း သိရသည်။ **သတင်းစဉ်**

## အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်း ရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုပိုမိုများပြားပါသည်။ အပူဒဏ် အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့အပြင် ပြင်းထန်စွာ ခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလား အပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြ ပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံး ရောဂါ၊ သွေးတိုးရောဂါအခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်း အချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်း နှင့် ကိုယ်လက်လှုပ်ရှားမှုပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ် လုပ်ရန်လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့် နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သော အဖြူရောင်(သို့မဟုတ်) အရောင်ဖျော့သော ပွပွချောင်ချောင်ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက်(၁၀)နာရီမှ ညနေ(၅)နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ် များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်း စသည်တို့ကို ရှောင်ကြဉ် ပါ၊

(၆) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင် သဖြင့် ရှောင်ကြဉ်ပါ၊

(၇) ခန္ဓာကိုယ်အတွင်း ရေနှင့် ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု မဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၈) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါး လိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၉) အပူဒဏ်အန္တရာယ် ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသောနေရာတွင် ထားရှိခြင်း၊ ရေနှင့် ဓာတ်ဆားရည်များသောက်သုံးစေခြင်း၊ လူနာ၏ ခန္ဓာကိုယ်အပူ ချိန်အမြန်ကျဆင်းစေရန် နဖူး၊ လည်ပင်း၊ ချိုင်းကြား(၂)ဖက် နှင့်ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်း စသည် တို့အားဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ဆေးခန်း/ကျန်းမာရေး ဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

**ကျန်းမာရေးဝန်ကြီးဌာန**
**(ဧပြီ၊ ၂၀၂၄)**

❑ *ကျောဖုံးမှ*

မော်တော်ဆိုင်ကယ်စီးနင်းသူနှင့် တိုက်မိမှုကြောင့် သေဆုံးသူတစ်ဦးနှင့် ဒဏ်ရာရရှိသူ ၅ဦးရှိခဲ့ကြောင်း သိရသည်။

ထို့အတူ Taxi ယာဉ်နှင့်တိုက်မိမှုကြောင့် သေဆုံးသူတစ်ဦးနှင့် ဒဏ်ရာရသူတစ်ဦး၊ ကိုယ်ပိုင်ယာဉ်ငယ်ဖြင့်တိုက်မိမှုကြောင့် သေဆုံးသူ တစ်ဦးနှင့် ဒဏ်ရာရရှိသူ ၁၁ ဦး၊ မော်တော်ယာဉ်က ဓာတ်တိုင်ကို ဝင်တိုက်မိမှုကြောင့် ဒဏ်ရာရရှိသူ ကိုးဦးရှိခဲ့ပြီး မေ ၃ ရက်အထိ သေဆုံးသူ ၁၃ ဦးနှင့် ဒဏ်ရာရရှိသူ ၃၂ ဦး ရှိခဲ့ကြောင်း YRTC၏ စာရင်း များအရ သိရသည်။

"လမ်းသွားလမ်းလာတွေ အများဆုံးသေဆုံးတာ တွေ့ရပါတယ်။ လမ်းကူးတဲ့အခါ စနစ်တကျလမ်းစည်းကမ်းအတိုင်း သွားလာဖို့လည်း လိုအပ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက လက်ယာကပ်မောင်းစနစ် ကျင့်သုံးတဲ့နိုင်ငံဖြစ်တဲ့အတွက်ကြောင့် လမ်းလျှောက်တဲ့အခါလက်ဝဲဘက် ကပ်လျှောက်၊ ယာဉ်ကြောနဲ့ မျက်နှာချင်းဆိုင်လျှောက်ရမှ ကားတွေ ကိုရှောင်နိုင်မှာဖြစ်ပါတယ်။ လမ်းဖြတ်ကူးရင်လည်း မြင်ကွင်းရှင်းတဲ့ နေရာမှကူးဖို့ လိုအပ်ပါတယ်။ ယာဉ်မောင်းတွေကိုလည်း ဂရုစိုက် မောင်းဖို့ မှာကြားတာရှိပါတယ်"ဟု ၎င်းက ဆိုသည်။

မေ ၂ ရက်နေ့က သန်လျင်မြို့နယ်တွင် YBS - 70 ယာဉ်မှာ မှတ်တိုင်အရောက်၌ ခရီးသည် သားအမိယာဉ်ပေါ်မှဆင်းနေစဉ် ယာဉ် က မောင်းထွက်သွား၍ အသက် နှစ်နှစ်အရွယ် ကလေးငယ်ချော်လဲကာ ကားဘီးဖြင့် ဦးခေါင်းအား ကြိတ်မိသည့်ဖြစ်စဉ် ဖြစ်ပွားခဲ့သည်။

ပြီးခဲ့သည့် ၂၀၂၃ ခုနှစ်ကလည်း YBS ယာဉ်မတော်တဆမှုဖြစ်စဉ် ကြောင့် သေဆုံးသူ ၃၅ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူ ၁၁၇ ဦးရှိခဲ့ပြီး သေဆုံးသူ ၃၅ ဦးအနက် လမ်းဖြတ်ကူးသူအား တိုက်မိမှုဖြစ်စဉ်ကြောင့် သေဆုံးသူ ၁၃ ဦးအထိ ရှိခဲ့ကြောင်းသိရသည်။ **MT**

# တို့ကျန်းမာရေး၊ တို့အခွင့်အရေးနဲ့ တို့လိုက်နာရမည့် နေထိုင်မှုပုံစံ

အောင်မင်း(ကျန်းမာရေးပညာ)
ပြည်သူ့ကျန်းမာရေးဦးစီးဌာန

ကျန်းမာခြင်းဆိုသည်မှာ ရောဂါဘယကင်းရှင်း၍ ခန္ဓာကိုယ်ချို့ယွင်းမှု မရှိရုံမျှသာမက ကာယသုခ၊ စိတ္တသုခ၊ မိတ္တသုခတို့ဖြင့်ပြည့်စုံနေသောအခြေအနေဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး က (၁၉၄၈) ခုနှစ်တွင် အဓိပ္ပာယ်ဖွင့်ဆိုခဲ့ပါသည်။ ယနေ့အချိန်အခါတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အဓိပ္ပာယ်ဖွင့်ဆိုချက်နှင့်အညီ ကျန်းမာသည်ဟု ဆိုနိုင်ရန်မှာ အခက်အခဲများ ကြုံတွေ့နေရပါသည်။ ရာသီဥတုနှင့် ဂေဟစနစ် ပြောင်းလဲလာမှု၊ လူမှုဘဝနေထိုင်မှုပုံစံများ ပြောင်းလဲလာမှုနှင့်အတူ ကူးစက်ရောဂါအသစ်များ အသစ်တစ်ဖန် ပြန်လည်ဖြစ်ပွားလာသောရောဂါများနှင့် အခြားမကူးစက်နိုင်သောရောဂါများသည် ကမ္ဘာ့လူသားများ၏ ကျန်းမာရေးတို့ကို ခြိမ်းခြောက်လာလျက်ရှိပါသည်။ ကမ္ဘာ့အနှံ့လူသန်းပေါင်းများစွာ၏ ကျန်းမာရေးကိုထိခိုက်နေမှုများ နေ့စဉ်နှင့်အမျှ များပြားလာလျက်ရှိနေပါသည်။

**အာဟာရပြည့်ဝသော အစားအစာရရှိနိုင်ရေး**

မည်သူဖြစ်စေ ကျန်းမာရေးစောင့်ရှောက်မှုများရရှိရေး၊ ပညာသင်ကြားခွင့်နှင့် မှန်ကန်သော သတင်းအချက်အလက်များ ရရှိစေရေးတို့အပြင် သန့်စင်သောလေ၊ လုံခြုံစိတ်ချရသော သောက်သုံးရေနှင့် အာဟာရပြည့်ဝသော အစားအစာတို့ ရရှိနိုင်ရေးအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက (၂၀၂၄) ခုနှစ်၊ ကမ္ဘာ့ကျန်းမာရေးနေ့၏ ရည်မှန်းချက်အဖြစ် My Health, My Right ဟု သတ်မှတ်ပေးခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ **"လူတိုင်းလူတိုင်း ကျန်းမာဖို့၊ ကိုယ်စီပါဝင်ဆောင်ရွက်စို့"** ဟု ဘာသာပြန်ဆိုထားပါသည်။

မြန်မာနိုင်ငံ၏လူဦးရေ (၇၀) ရာခိုင်နှုန်းကျော်သည် ကျေးလက်ဒေသတွင် နေထိုင်သူများဖြစ်ကြပြီး ကျေးလက်ဒေသနှင့် ဝေးလံခက်ခဲဒေသများတွင် နေထိုင်ကြသူများအပါအဝင် ပြည်သူတစ်ဦးတစ်ယောက်မှ မကျန်ရှိစေဘဲ ထိရောက်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ စီမံကိန်း၊ စီမံချက်များ ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိပါသည်။ လူတိုင်းသက်တမ်းစေ့ အသက်ရှည်စွာ နေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးဆိုသည့် ရည်မှန်းချက် (၂)ရပ်ကို ချမှတ်၍ ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးခြင်း၊ ရောဂါကာကွယ်တားဆီးခြင်းနှင့် ရောဂါဖြစ်ပွားလာလျှင် ထိရောက်စွာကုသမှုပေးခြင်းဟူသည့် နည်းလမ်း (၃) ရပ်ဖြင့် စနစ်တကျ ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိပါသည်။ ထိုသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျေးလက်ဒေသအောက်ခြေအထိ ပြည်သူလူထုအား ကျယ်ပြန့်ထိရောက်စွာ ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းသည် အလွန်အရေးကြီးပါသည်။

**စနစ်တကျကုသမှု လူတိုင်းလက်တွေ့လိုက်နာကျင့်သုံး**

ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းဆိုသည်မှာ လူတိုင်းကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကိုလက်လှမ်းမီမီရရှိနိုင်ပြီး ရရှိလာသောသတင်းအချက်အလက်များကို အသုံးပြု၍ မှန်ကန်သည့် ကျန်းမာရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်းနှင့် မိမိနှင့် မိမိ မိသားစု ကျန်းမာရေးအား တိုးတက်ကောင်းမွန်အောင် ထိန်းသိမ်းထားနိုင်သည့် လူတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းဖြစ်သည်။ ကျန်းမာရေးကိုမြှင့်တင်နိုင်သော၊ ရောဂါဘယများကို ကာကွယ်နိုင်သော၊ ရောဂါဖြစ်ပွားလာလျှင် စနစ်တကျကုသမှုခံယူသော အပြုအမူများကို လူတိုင်းလက်တွေ့လိုက်နာကျင့်သုံးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရပါသည်။

လူတစ်ဦးတစ်ယောက် တစ်စုံတစ်ရာကို ပြောင်းလဲကျင့်သုံးလာရေးအတွက် ပြောင်းလဲလိုစိတ် ခိုင်မာစွာ ချမှတ်ထားခြင်း၊ ရရှိလာမည့် အကျိုးကျေးဇူးများမှာ မိမိပေးဆပ်ရသည်ထက် ပိုမိုသာလွန်ကြောင်း ယုံကြည်ခြင်း၊ ပတ်ဝန်းကျင်မှ တွန်းအားပေးခြင်းများ ရှိခြင်း စသည်ဖြင့် အပြုအမူကို လွှမ်းမိုးနေသောအကြောင်းအရာများ အမြောက်အမြားရှိပြီး မှန်ကန်တိကျသော ကျန်းမာရေးအသိပညာများ လက်လှမ်းမီမီရရှိရေးသည် အလွန်အရေးကြီးသော အကြောင်းအရာဖြစ်ပါသည်။ ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများ လိုက်နာကျင့်သုံးရေးသည် ပြည်သူအားလုံးက ကိုယ်တိုင် လုပ်ဆောင်ကြရမည့်ကိစ္စဖြစ်ပါသည်။

ကျန်းမာသော နေထိုင်မှုပုံစံ (Healthy Life Style) ဖြစ်စေရန်အတွက် ပြည်သူလူထုအားလုံး အောက်ပါအချက်များကို လိုက်နာကျင့်သုံးရန် လိုအပ်လှပါသည်။

**(က) အာဟာရမျှတစွာစားသုံးခြင်း**

(၁) နေ့စဉ်စားသုံးသည့် အကြိမ်တိုင်းတွင် အစာအုပ်စု(၃)စုလုံး ပါဝင်အောင်စားပါ။

(၂) အသား၊ ငါး၊ ဥ အမျိုးမျိုးတို့နှင့် နို့ထွက်ပစ္စည်းများကို နေ့စဉ် စားသုံးပါ။

(၃) ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို များများစားသုံးပါ။

(၄) အိုင်အိုဒင်းဆားကို သုံးစွဲပါ။

(၅) ရေကို လုံလောက်အောင် သောက်ပါ။

(၆) အသင့်စား အစာများထက် သန့်ရှင်းလတ်ဆတ်၍ ဘေးဥပါဒ် အန္တရာယ်ကင်းသော သဘာဝအစာများကို ရွေးချယ်စားသုံးပါ။

(၇) အဆီ၊အချို၊အငန်နှင့်ဆိုင်သော အစာများကို ဆင်ခြင်၍စားသုံးပါ။

(၈) အချိုရည်များကို ဆင်ခြင်သောက်သုံးပါ။

(၉) ကိုယ်ဝန်ဆောင်များနှင့် နို့တိုက်မိခင်များ အာဟာရပြည့်ဝသော အစားအစာများကိုစားပါ။ အစားမရှောင်ပါနှင့်။ မွေးစမှ အသက် (၆) လအထိ မိခင်နို့ တစ်မျိုးတည်းသာ တိုက်ကျွေးပါ။

(၁၀) အသက်(၆)လမှ စတင်၍ အာဟာရပြည့်ဝသော ဖြည့်စွက်စာအမျိုးမျိုးကို အသက်အရွယ်အလိုက် စုံလင်အောင် ကျွေးမွေးပါ၊ မိခင်နို့ကို အသက် (၂) နှစ်အထိ ဆက်လက်တိုက်ကျွေးပါ။

(၁၁) ကလေးများနှင့် အပျိုဖော်ဝင်အရွယ်များ အစွမ်းကုန်ကြီးထွားဖွံ့ဖြိုးနိုင်စေရန် ခန္ဓာကိုယ် ကြီးထွားဖွံ့ဖြိုးသော အစားအစာများကို ပိုကျွေးပါ။

(၁၂) သက်ကြီး ဘိုးဘွားဘဝတွင် အာဟာရဓာတ်များ ကြွယ်ဝသည့် အစားအစာများကိုသာ ရွေးချယ်စားသုံးပါ။

**(ခ) သင့်လျော်မှန်ကန်သော လေ့ကျင့်ခန်းများ မှန်မှန်ပြုလုပ်ခြင်း**

- ကာယလှုပ်ရှားမှုနှင့် အားကစားတွင် ပုံမှန်ပါဝင်ဆောင်ရွက်ခြင်းသည် ဆိုးရွားသော ကျန်းမာရေးရလဒ်များ၏အန္တရာယ်မှ လျော့ချပေးနိုင်သည်။
- ကာယလှုပ်ရှားမှု အနည်းငယ်ပြုလုပ်ခြင်းသည်ပင်လျှင် လုံးဝမပြုလုပ်ခြင်းထက် များစွာအကျိုးရှိစေပါသည်။
- ကာယ လှုပ်ရှားမှုများသည် အသက်အရွယ်နှင့် ပင်ကိုကျန်းမာရေးအခြေခံပေါ် မူတည်၍ ပို၍ထိထိရောက်ရောက်၊ ပို၍ အကြိမ်ရေများများ၊ ပို၍ အချိန်ကြာကြာ ဆောင်ရွက်နိုင်သည်နှင့်အမျှ ကျန်းမာရေးရလဒ်ကောင်းကျိုးများကို ပိုမိုရရှိစေပါသည်။
- သွက်သွက်လက်လက် လမ်းလျှောက်ခြင်းကဲ့သို့သော အတန်အသင့် ပြင်းထန်သည့် ကာယလှုပ်ရှားမှုမျိုးကို တစ်ပတ်လျှင် အနည်းဆုံး မိနစ် (၁၅၀) ခန့် လုပ်ဆောင်ခြင်းသည် ကျန်းမာခြင်းအကျိုးရလဒ်ကို ထိထိရောက်ရောက် ရရှိစေပါသည်။ ထို့ထက်ပို၍ လုပ်ဆောင်နိုင်လေ ပို၍ အကျိုးရှိလေဖြစ်သည်။
- သက်လုံနှင့် ကြွက်သားကြံ့ခိုင်သန်စွမ်းမှုဆိုင်ရာ ကာယလှုပ်ရှားမှု နှစ်မျိုးစလုံးက ကျန်းမာရေးအတွက်အကျိုးရှိစေသည်။
- ကာယလှုပ်ရှားမှုအား တီးလုံး (Music)နှင့် တွဲဖက်၍ နေ့စဉ်ပုံမှန်လုပ်ဆောင်မှုသည် လူမျိုးတိုင်း၊ ဒေသတိုင်းတွင် ရှိသည့် ကလေးသူငယ်များ၊ ဆယ်ကျော်သက်အရွယ်များ၊ လူငယ်များ၊ လူလတ်ပိုင်းများ၊ သက်ကြီးပိုင်းများ အားလုံးအတွက် သက်ရောက်မှုရှိသည်။
- ၎င်းအပြင် ကိုယ်ဝန်ဆောင်၊ မသန်စွမ်းသော သူများနှင့် နာတာရှည်ရောဂါဝေဒနာ ခံစားနေရသူများပင်လျှင် ကာယလှုပ်ရှားမှုကြောင့် ကျန်းမာရေးအကျိုးရလဒ်များ ခံစားရရှိစေနိုင်ပါသည်။

*စာမျက်နှာ ၁၁ သို့*

**❍ ကျန်းမာရေးအသိပညာမြှင့်တင်ခြင်းဆိုသည်မှာ လူတိုင်းကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို လက်လှမ်းမီမီရရှိနိုင်ပြီး ရရှိလာသောသတင်းအချက်အလက်များကို အသုံးပြု၍ မှန်ကန်သည့် ကျန်းမာရေးဆိုင်ရာ ဆုံးဖြတ်ချက်များ ချမှတ်နိုင်ခြင်းနှင့် မိမိနှင့် မိမိ မိသားစု ကျန်းမာရေးအား တိုးတက်ကောင်းမွန်အောင် ထိန်းသိမ်းထားနိုင်သည့် လူတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးခြင်းဖြစ်၊ ကျန်းမာရေးကိုမြှင့်တင်နိုင်သော၊ ရောဂါဘယများကို ကာကွယ်နိုင်သော၊ ရောဂါဖြစ်ပွားလာလျှင် စနစ်တကျကုသမှုခံယူသော အပြုအမူများကို လူတိုင်းလက်တွေ့လိုက်နာကျင့်သုံးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်**

## ကျန်းမာပျော်ရွှင် ဘဝတစ်ခွင်

ကျန်းမာခြင်းဆိုသည်မှာ ခန္ဓာကိုယ်ချို့ယွင်းမှုကင်း၍ ရောဂါဘယကင်းရှင်း ယုံသာမက၊ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်း၊ လူမှုရေးသုခနှင့် ပြည့်စုံခြင်းတို့ကို ဆိုလိုပါသည်။

၁။ လက်ဆေးခြင်းအမူအကျင့်များအပါအဝင် တစ်ကိုယ်ရေသန့်ရှင်းမှုကို ဆောင်ရွက်ပါ။

၂။ အန္တရာယ်ကင်း၍ ကျန်းမာရေးနှင့်ညီညွတ်သည့် အာဟာရပြည့်ဝသောအစားအစာများကို စားသုံးပါ။ ဆီနှင့် အငန်များသောအစားအစာများကို ရှောင်ကြဉ်ပါ။ ဟင်းချိုမှုန့်စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ။

၃။ သကြားအလွန်အကျွံစားသုံးခြင်းကို ရှောင်ကြဉ်ပါ။ (အမျိုးသားများတစ်နေ့လျှင် အများဆုံး စားသုံးသင့်သော သကြားပမာဏ- ၃၇. ၅ဂရမ် (သို့) လက်ဖက်ရည်ဇွန်း (၉)ဇွန်း၊ အမျိုးသမီးများ တစ်နေ့လျှင် အများဆုံးစားသုံးသင့်သော သကြားပမာဏ - ၂၅ ဂရမ် (သို့) လက်ဖက်ရည်ဇွန်း ၆ ဇွန်း)

၄။ လူကိုအန္တရာယ်ဖြစ်စေတတ်သောဓါတ်သတ္တုနှင့် ပိုးမွှားကင်းစင်သည့် သန့်ရှင်းသောရေကို သောက်သုံးပါ။

၅။ ရာသီဥတုနှင့် လိုက်လျောညီထွေစွာ ဝတ်စားဆင်ယင်နေထိုင်ပါ။

၆။ အသက်အရွယ်နှင့်လက်လျောညီထွေသည့်သင့်တင့်မျှတသော ကိုယ်လက်လှုပ်ရှားမှုကိုနေ့စဉ်မှန်မှန် ဆောင်ရွက်ပါ။

၇။ နေ့စဉ်လုပ်ငန်းဆောင်တာများဆောင်ရွက်ခြင်းကြောင့် ပင်ပန်းနွမ်းနယ်မှုကို ပြေပျောက်စေရန် လုံလောက်စွာ အနားယူပါ။

၈။ ဘယ်အချိန်အိပ်အိပ်၊ ဘယ်နေရာအိပ်အိပ်ခြင်ထောင်ဖြင့် အိပ်ပါ။ ဖြစ်နိုင်လျှင် ဆေးစိမ်ခြင်ထောင်ဖြင့် အိပ်ပါ။

၉။ ကောင်းစွာအိပ်စက်အနားယူပါ။

၁၀။ ကျန်းမာရေးနှင့်ညီညွတ်သည့် သန့်ရှင်းသော ယင်လုံအိမ်သာကို သုံးစွဲပါ။

၁၁။ အရက်အလွန်အကျွံသောက်သုံးခြင်းကို ရှောင်ကြဉ်၍ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးခြင်း၊ ကွမ်းစားခြင်းတို့ကို လုံးဝရှောင်ကြဉ်ပါ။

၁၂။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများ သုံးစွဲခြင်းကို လုံးဝ ရှောင်ကြဉ်ပါ။

၁၃။ လိင်အပျော်အပါးလိုက်စားခြင်းကို ရှောင်ကြဉ်ပါ၊ မရှောင်နိုင်ပါက ကွန်ဒုံးသုံးစွဲပါ။

၁၄။ သဘာဝပတ်ဝန်းကျင် (ရေမြေလေ) ကို ညစ်ညမ်းစေသည့် အပြုအမူများဖြစ်သော မြေပေါ် ရေပေါ်တွင် မစင်စွန့်ခြင်း၊ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်း၊ အန္တရာယ်ဖြစ်စေသည့် ဓါတ်ငွေ့များ၊ မီးခိုးငွေ့များကို စည်းကမ်းမဲ့စွန့်ထုတ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။

၁၅။ ယာဉ်အန္တရာယ်ကင်းဝေးရေးအတွက် ယာဉ်စည်းကမ်းလမ်းစည်းကမ်းများကိုလိုက်နာပါ။ ဆိုင်ကယ်စီးလျှင် ဆိုင်ကယ်ဦးထုပ်ဆောင်းပါ။ မော်တော်ယာဉ်မောင်းနှင်စီးနင်းလျှင် ထိုင်ခုံခါးပတ်ကို မမေ့မလျော့စနစ်တကျပတ်ပါ။

၁၆။ စိတ်ဖိစီးမှုများတတ်နိုင်သလောက် လျှော့ချပါ။

၁၇။ သဘာဝဘေးအန္တရာယ်နှင့်ပတ်သတ်သော သတင်းအချက်အလက်များကို အစဉ်သတိပြုလိုက်နာဆောင်ရွက်ပါ။

ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## (၂၀၂၄) ခုနှစ်၊ ကမ္ဘာ့ကျန်းမာရေးနေ့

ဧပြီလ (၇) ရက်

“လူတိုင်းလူတိုင်း ကျန်းမာဖို့ ကိုယ်စီပါဝင် ဆောင်ရွက်စို့”

“My Health , My Right”

ကျန်းမာရေးဝန်ကြီးဌာန

## ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသပေး

**ကျိုင်းတုံ ဧပြီ ၆**

ကျန်းမာရေးဝန်ကြီးဌာနသည် ပြည်သူများ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသမှုကို အားဖြည့်ဆောင်ရွက်လျက်ရှိရာ ဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်သူ ပါမောက္ခ/အထူးကုဆရာဝန်ကြီးများပါဝင်သော အဖွဲ့များသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်း မြို့နယ်များမှ မွေးရာပါ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများ ခွဲစိတ်ကုသမှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ ဧပြီ ၃ ရက် မှ ၅ ရက်အထိဆောင်ရွက်ပေးသည်။

အထူးကုဆရာဝန်ကြီးများနှင့် ကျိုင်းတုံပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မြို့နယ်များမှ မွေးရာပါနှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာ ၅၂ ဦး ခွဲစိတ်ကုသဆောင်ရွက်နေမှုအခြေအနေများကို ပြည်နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစည်သူအောင်၊ ကျိုင်းတုံပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ဝင်းနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ခွဲစိတ်ကုသမှုခံယူသည့် ကလေးများကို အာဟာရကျွေးမွေးခြင်း၊ ခရီးစရိတ်ထောက်ပံ့ခြင်းနှင့် အရုပ်များ လက်ဆောင်ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

*စာမျက်နှာ ၁၀ မှ*

**(ဂ) သင့်တင့်လျောက်ပတ်စွာ အနားယူခြင်း**

စောစောအိပ်ထ ပြုကျင့်က ကင်းပဘေးရောဂါ ဆိုသည့်အတိုင်း အိပ်ရေးဝဝအိပ်ပါ၊ အလုပ်ကို အချိန်ကြာမြင့်စွာ လုပ်ကိုင်ခြင်း၊ အလွန်ပင်ပန်းစွာ အလုပ်လုပ်ခြင်းကို ရှောင်ကြဉ်ပြီး လုံလောက်စွာ အနားယူပါ။ အတိုင်းအထက်အလွန် ဂိမ်းကစားခြင်းများကဲ့သို့သော အိပ်ရေးအလွန်ပျက်ခံခြင်းများကို ရှောင်ကြဉ်ပါ။




**(ဃ) အစာသန့်၊ ရေသန့်၊ အိမ်သာသန့်၊ တစ်ကိုယ်ရေသန့်နှင့်နေထိုင်ခြင်း**

(၁) တစ်ကိုယ်ရေ သန့်ရှင်းရေးဂရုစိုက်ပါ၊ အထူးသဖြင့် လက်ကို စနစ်တကျ ဆေးကြောပါ။

(၂) ရေကောင်း ရေသန့်သုံးစွဲပါ။

(၃) သန့်ရှင်းသော အစားအစာကို ရွေးချယ်စားသုံးပါ။

(၄) ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲထိန်းသိမ်းပါ။

**(င) ရှောင်ကြဉ် သင့်သည်များကို ရှောင်ကြဉ်ခြင်း**

(၁) အရက်၊ ဆေးလိပ်၊ ကွမ်း၊ မူးယစ်ဆေးဝါး သုံးစွဲခြင်းကို ရှောင်ကြဉ်ပါ။

(၂) လိင်အပျော်အပါး လိုက်စားခြင်းကို ရှောင်ကြဉ်ပါ စသည်တို့ကို ပြည်သူအားလုံးက လိုက်နာ လုပ်ဆောင်ကြရပါမည်။

**ကျန်းမာသော မျှော်မှန်းသက်တမ်းမြင့်မားရေး**

ကျန်းမာရေးဝန်ကြီးဌာနမှ အရည်အသွေးပြည့်ဝသော ကျန်းမာရေးစောင့်ရှောက်မှုများကို ပြည်သူအားလုံး လက်လှမ်းမီအောင် ပေးနေသကဲ့သို့ ပြည်သူတိုင်းကလည်း ကျန်းမာရေးစောင့်ရှောက်မှုများကို လိုလိုလားလား ခံယူသုံးစွဲရန် အရေးကြီးပါသည်။ မိမိကိုယ်တိုင် လိုက်နာကျင့်သုံးရမည့် ကျန်းမာရေးအမူအကျင့်ကောင်းများကို လိုက်နာကျင့်သုံးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ လုပ်ငန်းများတွင် မိမိတို့




ကျရာအခန်းကဏ္ဍမှ ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ခြင်း၊ မိမိတို့ ကျန်းမာရေးအတွက် မိမိတို့သည်သာ တာဝန်အရှိဆုံးဆိုသည်ကို အပြည့်အဝခံယူ၍ မိမိတို့၏ ကျန်းမာသော မျှော်မှန်းသက်တမ်းမြင့်မားရေးအတွက် ယခုနှစ် ကမ္ဘာ့ကျန်းမာရေးနေ့ ဆောင်ပုဒ်ဖြစ်သော **“လူတိုင်း လူတိုင်း ကျန်းမာဖို့၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်စို့”** နှင့်အညီ ပြည်သူအားလုံး ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

## ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဧပြီ ၆**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် မြေနီကျင်းကျောင်းတိုက်ရှိ သံဃာတော်များနှင့် ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများအား ယနေ့နံနက်ပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သွေးတိုးရောဂါ၊ အဆစ်အမျက်ရောင်ရောဂါ၊ ဆီးချိုရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ သံဃာတော် ၁၀၃ ပါးနှင့် ဒေသခံပြည်သူ ၈၃ ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။ ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မူဆယ်မြို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက ပန်းခင်းစီမံချက်(၃)အရ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မူဆယ် ဧပြီ ၆**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများက ပန်းခင်းစီမံချက်(၃)အရ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးခြင်းကို ယနေ့နံနက် ၁၁ နာရီက ပြုလုပ်သည်။

မူဆယ်မြို့ ကောင်းမှုတံုရပ်ကွက် စက်မှုနယ်မြေရှိ မေတ္တာတော်စံအိမ်၊ မိဘမဲ့နှင့် ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးဂေဟာမှ ကလေးများကို မူဆယ်မြို့နယ်ဦးစီးမှူး ဦးစန်းလွင် ဦးဆောင်၍ ပန်းခင်းစီမံချက်(၃)အရ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကွင်းဆင်းဆောင်ရွက်ပေးနေမှုကို မူဆယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုး၊ အဖွဲ့ဝင် ဦးကိန်မိုင်နှင့် မူဆယ်ခရိုင်ဦးစီးမှူး ဦးကျော်ကျော်နိုင်တို့က ကွင်းဆင်းကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ မေတ္တာတော်



စံအိမ်ဂေဟာမှ မိဘမဲ့ကလေးများကို ၆(က) ငါးဦးနှင့် ၃(က) ၆၀ စုစုပေါင်း ၆၅ ဦးကို နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**

## မုံရွာမြို့၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲများ ကျင်းပ

**မုံရွာ မေ ၆**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ မြန်မာ့စာတိုက်လုပ်ငန်း၊ တိုင်းဒေသကြီးမန်နေဂျာရုံး အစည်းအဝေးခန်းမ၌ ယမန်နေ့က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ထပ်ဆင့် ရှင်းလင်းဆွေးနွေးပွဲ ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့စာတိုက် လုပ်ငန်း စစ်ကိုင်းတိုင်းဒေသကြီး မန်နေဂျာ ဦးလှသွင်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသူများကသိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ တိုင်းဒေသကြီး မန်နေဂျာ ဦးလှသွင်က ပြန်လည်ဖြေကြား ဆွေးနွေးသည်။




အလားတူ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ ထပ်ဆင့်ရှင်းလင်းဆွေးနွေးပွဲကို မေ ၄ ရက်က တိုင်းဒေသကြီး သာသနာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး သာသနာရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးသန်းအေးအောင်က ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသော ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ၏ သိရှိလိုသည့် မေးမြန်းဆွေးနွေးမှုများကို ပြန်လည်ဖြေကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြင့်သိန်းစိုး(ပြန်/ဆက်)**

## သာပေါင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာသိကောင်းစရာ အသိပညာပေးရှင်းလင်း

**သာပေါင်း မေ ၆**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာများနှင့် စပ်လျဉ်း၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေရန် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာ အသိပညာပေး ရှင်းလင်းဆွေးနွေး ဟောပြောပွဲများကို ကျေးရွာအုပ်စုများ အရောက်ဆောင်ရွက်လျက်ရှိရာ ယနေ့ မေ ၆ ရက်တွင် ဆီဆုံကျေးရွာအုပ်စု ဆီဆုံကျေးရွာ ဓမ္မရက္ခိတကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းဇေယျာထိုက်က နိုင်ငံတော်အတွင်းမှာရှိတဲ့ တိုင်းရင်းသားအားလုံး ပြည်သူ့စစ်မှုထမ်းရန် တာဝန်ရှိကြောင်း၊ နိုင်ငံတော်ကို ကာကွယ်ရန် နိုင်ငံသားတိုင်းမှာ တာဝန်ရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေရည်ရွယ်ချက်၊ စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန် ကာလ၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များအကြောင်းကို လည်းကောင်း၊ တရားမဝင်မီဒီယာများ၏ Online ပေါ်တွင် ကောလာဟလ လုပ်ကြံသတင်းများ လှုံ့ဆော်နေသကဲ့သို့ စိုးရိမ်ကြောင့်ကြမှု မဖြစ်စေရန် အကြောင်းကို လည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မျိုးဇော်သိန်း(ပြန်/ဆက်)**



## ရွှေကူမြို့၌ အကြိမ်(၅၀)မြောက် အစိုးရပါဠိပထမပြန်စူဠဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

**ရွှေကူ မေ ၆**

ကချင်ပြည်နယ် ရွှေကူမြို့၌ အကြိမ်(၅၀)မြောက် အစိုးရပါဠိပထမပြန် စူဠဘွဲ့နှင်းသဘင်အခမ်းအနားကို မေ ၂ ရက်က သာသနဗိမာန်တော်အတွင်း၌ကျင်းပရာ မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော ဆရာတော်သံဃာတော်များ၊ စာအောင်သံဃာများနှင့် သီလရှင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့ပေါ်ရပ်ကွက်မှ ဝတ်ရွတ်အသင်းများ တက်ရောက်ကြသည်။

ပထမဦးစွာ အကြိမ်(၅၀)မြောက် အစိုးရပါဠိပထမပြန်စာမေးပွဲများတွင် သာသနဓမ္မာစရိယအောင် သံဃာလေးပါး၊ဓမ္မာစရိယ(၂) ကျမ်းအောင် သံဃာခြောက်ပါး၊ ဓမ္မာစရိယ(၁)ကျမ်းအောင် သံဃာငါးပါး၊ ဓမ္မာစရိယ(၁)ကျမ်းအောင် သီလရှင်တစ်ပါး၊ ပထမကြီးအောင် သံဃာလေးပါး၊ ပထမကြီးအောင် သီလရှင် တစ်ပါး၊ ပထမလတ်အောင် သံဃာခြောက်ပါး၊ ပထမငယ်အောင် သံဃာ၊ သီလရှင် ၃၀ ပါး၊ အခြေပြုမူလတန်းအောင် သံဃာ၊ သီလရှင် ၃၄ ပါး တို့အား အောင်လက်မှတ်နှင့် စာအောင်ဆုငွေများ ဆက်ကပ်ကြပြီး စေတနာရှင်အလှူရှင် ဒါယကာ၊ ဒါယိကာမများက မြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များအတွက် အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီးနောက် သုံးဆယ့်တစ်ဘုံရှိ ဝေနေယျပုဂ္ဂိုလ်တို့အား ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားပြီးမြောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❊ *ကျောဖုံးမှ*

ဒဂုံစတားအသင်းမှာမူ ယခုရာသီတွင်လည်း ပုံစံကောင်းပြသနေပြီး ပထမအကျော့လေးပွဲစလုံး အနိုင်ရခဲ့သည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် အား/ကာသိပ္ပံအသင်းက မြဝတီအသင်းကို လေးဂိုး - တစ်ဂိုးဖြင့် လည်းကောင်း၊ တက္ကသိုလ်ကွင်း၌ ကျင်းပသည့်ပွဲတွင် ဧရာဝတီအသင်းက Dagon Port အသင်းကို နှစ်ဂိုး - တစ်ဂိုးဖြင့် လည်းကောင်း၊ ပဒုမ္မာကွင်း၌ကျင်းပသည့်ပွဲတွင် ရတနာပုံအသင်းက သစ္စာအားမာန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပထမအကျော့အပြီးတွင် အုပ်စု (ဂ) ၌ ဒဂုံစတားအသင်းက ရမှတ် ၁၂ မှတ်ဖြင့် ဦးဆောင်နေပြီး ဧရာဝတီအသင်းက ကိုးမှတ်၊ ဟံသာဝတီအသင်းက ခြောက်မှတ်၊ Dagon Port အသင်းက သုံးမှတ်၊ ငွေကြယ်ပွင့်အသင်းက အမှတ်မရသေး၊ အုပ်စု (ဃ) ၌ အား/ကာသိပ္ပံအသင်းက ၁၀ မှတ်၊ ရတနာပုံအသင်းက ကိုးမှတ်၊ သစ္စာအားမာန်နှင့် မြဝတီအသင်းတို့က လေးမှတ်စီ၊ ရက္ခပူရယူနိုက်တက်အသင်းက တစ်မှတ်ရရှိထားသည်။

**ညီမြတ်သော်တာ၊ ဓာတ်ပုံ-MNL**

## ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သိကောင်းစရာများ

### ကင်းလွတ်ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့်အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့်တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။
မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ်တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့် အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

### လျှော့ပေါ့ခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲ ဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါက လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါက လည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

### ရွှေ့ဆိုင်းခွင့်

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန် ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း

# ဆူဒန်၌ အစာရေစာငတ်မွတ်မှု ပိုမိုဆိုးရွားလာကြောင်း ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် သတိပေး

**ခါတွန် မေ ၆**

ဆူဒန်နိုင်ငံရှိ ပြည်သူများထံသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ မရောက်ရှိပါက ဆူဒန်နိုင်ငံ၏ အစာရေစာငတ်မွတ်မှုမှာ ပိုမိုဆိုးရွားလာနိုင်ကြောင်း ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်က မေ ၅ ရက်တွင် သတိပေးခဲ့သည်။

မကြုံစဖူး ကြောက်မက်ဖွယ်ကောင်းသည့် ငတ်မွတ်မှုဘေးနှင့် အာဟာရချို့တဲ့မှုများ တွေ့ရှိရမည်ကို စိုးရိမ်ထိတ်လန့်မိကြောင်း ဆူဒန်နိုင်ငံဆိုင်ရာ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် ကိုယ်စားလှယ်ဖြစ်သည့် အက်ဒီရီဗီက ပြောသည်။

ချဒ်နိုင်ငံမှတစ်ဆင့် ပေးပို့နေသည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလမ်းကြောင်းကို ယာယီရပ်နားထားခြင်း၊ လက်ရှိဖြစ်ပွားနေသည့်ပဋိပက္ခများ၊ အတားအဆီးများနှင့် လုံခြုံရေးခြိမ်းခြောက်မှုများကြောင့် ဆူဒန်နိုင်ငံတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ လိုအပ်သည့်အတိုင်းအတာအထိပေးရန် မဖြစ်နိုင်ကြောင်း ၎င်းက ပြောသည်။

အစားအသောက်ပေးပို့သည့် လမ်းကြောင်းများ ဆက်လက်ဖွင့်ပေးထားရမည်ဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။ ထို့ပြင် ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်နှင့် မိတ်ဖက်အဖွဲ့အစည်းများအတွက် လုံခြုံရေးအာမခံချက်ရှိရန် လိုအပ်ကြောင်း၊ သို့မှသာလျှင် မြောက်ပိုင်းဒါဖာပြည်နယ်ရှိ ပြည်သူများထံ အစားအသောက်များ ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောသည်။

၂၀၂၃ ခုနှစ် ဧပြီ ၁၅ ရက်မှစတင်ကာ ဆူဒန်နိုင်ငံတွင် ဆူဒန်တပ်ဖွဲ့နှင့် Rapid Support Forces တို့အကြား ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်ပေါ်ခဲ့ပြီး လူပေါင်း ၁ ဒသမ ၈သန်းမှာ အိုးမဲ့အိမ်မဲ့ ဖြစ်ခဲ့ရသည်။ လူပေါင်း ၆ ဒသမ ၃ သန်းမှာမူ ပြည်တွင်း၌ပင် ပြောင်းရွှေ့နေထိုင်ခဲ့ရသည်။

ဆင်ဟွာ



ချဒ်နိုင်ငံ အရှေ့ပိုင်း၌ ဆူဒန်နိုင်ငံမှ ထွက်ပြေးလာသူများကို ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်မှ အစားအစာများ ဖြန့်ဖြူးပေးနေစဉ်။

# ဂါဇာ၌ ပစ်ခတ်တိုက်ခိုက်မှု အမြန်ဆုံးရပ်စဲရန် ကုလအကြီးအကဲ ထပ်မံတောင်းဆို

**နယူးယောက် မေ ၆**

ဂါဇာကမ်းမြောင်ရှိ အစ္စရေး-ဟားမားစ် ပဋိပက္ခတွင် အမြန်ဆုံးအပစ်အခတ်ရပ်စဲရေးနှင့် အရပ်သားများအား အကာအကွယ်ပေးရေးအတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်က ထပ်လောင်း ပြောကြားလိုက်သည်။

ဧပြီ ၇ ရက်တွင် ကျရောက်သော ပဋိပက္ခစတင်ဖြစ်ပွားမှု ခြောက်လပြည့် အထိမ်းအမှတ်နေ့မတိုင်မီ ဧပြီ ၅ ရက်တွင် သတင်းထောက်များကို ထိုကဲ့သို့ ပြောကြားခဲ့ခြင်း ဖြစ်သည်။ ထို့ပြင် အောက်တိုဘာ ၇ ရက်တွင် ဟားမားစ်ဦးဆောင်သောအဖွဲ့က အစ္စရေးနိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြစ်တင်ရှုတ်ချပြီး ဟားမားစ်နှင့် အခြားသောအဖွဲ့များက ဖမ်းဆီးထားသော ဓားစာခံအားလုံးကို ခြွင်းချက်မရှိ ပြန်လွှတ်ပေးရန် ၎င်းက တောင်းဆိုထားသည်။

ကုလသမဂ္ဂအကြီးအကဲက လွန်ခဲ့သော ခြောက်လအတွင်း ဂါဇာကမ်းမြောင်၌ အစ္စရေး၏ စစ်ဆင်ရေးလုပ်ရှားဆောင်ရွက်မှုများက ပါလက်စတိုင်း သေဆုံးမှုများနှင့်ပျက်စီးဆုံးရှုံးမှုများကို ဖြစ်စေကြောင်းလည်း စွပ်စွဲခဲ့သည်။ ထို့ပြင် ဂူတာရက်စ်က လူဦးရေထက်ဝက်ကျော်မှာ ငတ်မွတ်ခေါင်းပါးမှုဘေးနှင့် ရင်ဆိုင်နေကြရကြောင်းလည်း ထောက်ပြပြောဆိုထားသည်။

အင်န်အိတ်ချ်ကေ




# နယူးယောက်မြို့ ဧရိယာတွင် ရှားရှားပါးပါး ငလျင်လှုပ်ခတ်မှုဖြစ်ပေါ်

**နယူးယောက် မေ ၆**

နယူးယောက်မြို့ ဧရိယာတွင် နေထိုင်ကြသည့်ပြည်သူများမှာ ဧပြီ ၅ ရက် နံနက်ပိုင်းက ရှားရှားပါးပါးငလျင်လှုပ်မှုနှင့် ကြုံတွေ့ခဲ့ရသည်။ ငလျင်ကြောင့် ပျက်စီးမှုကြီးကြီးမားမား ဖြစ်ပေါ်ခဲ့ခြင်းမရှိချေ။ မန်ဟက်တန် ဧရိယာ ၇၀ ကီလိုမီတာကို ဗဟိုပြု၍ ပြင်းအား ၄ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ခဲ့သည်။

ယခင်က ငလျင်လှုပ်မှုနှင့်ကြုံတွေ့ခဲ့ရဖူးခြင်းမရှိသော နယူးယောက်မြို့၌ အဆိုပါသတင်းမှာ မီဒီယာများအကြား ကြီးစိုးသွားသည်။ ကုလသမဂ္ဂ လုံခြုံရေးကောင်စီအစည်းအဝေးကိုလည်း အနှောင့်အယှက်ဖြစ်စေခဲ့သည်။

နယူးယောက်မြို့ခံအချို့ ကြောက်လန့်သွားသော်လည်း အချို့မှာမူ ငလျင်လှုပ်သည်ကိုပင် သတိမမူမိကြပေ။ နောက်ထပ် ငလျင်ငယ်များ လှုပ်နိုင်ခြေရှိကြောင်း မြို့တော်က ဒေသခံများကိုသတိပေးထားသည်။

ဒေသအတွင်းရှိ လေဆိပ်အများအပြားတွင်လည်း ကြိုတင်သတိပေးမှု ပြုလုပ်ထားသည်။ အရာအားလုံးအဆင်ပြေကြောင်းကိုလည်း အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြည်သူများကို အာမခံထားသည်။

ဆင်ဟွာ

# အကူအညီပေးရေးအဖွဲ့ဝင်ခုနစ်ဦး သေဆုံးခဲ့သည့် လေကြောင်းတိုက်ခိုက်မှုအတွက် အစ္စရေးတပ်ဖွဲ့မှ အရာရှိနှစ်ဦးကို ရာထူးမှထုတ်ပယ်ကြောင်း ကြေညာ

**တိုကျို မေ ၆**

အမေရိကန်အခြေစိုက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့တစ်ခုမှ အဖွဲ့ဝင်ခုနစ်ဦး သေဆုံးခဲ့သည့် လေကြောင်းတိုက်ခိုက်မှုအတွက် အစ္စရေး တပ်ဖွဲ့မှ အရာရှိနှစ်ဦးကို ထုတ်ပယ်ခဲ့ပြီး အခြားအကြီးတန်းတပ်မှူးများကို ပြစ်တင်ရှုတ်ချခဲ့သည်။ တိုက်ခိုက်မှုနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးမှုအပြီးတွင် ဧပြီ ၅ ရက်က ယင်းကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါ အကူအညီပေးရေး ယာဉ်များကို တိုက်ခိုက်မှုမှာ မအောင်မြင်သော စစ်ဆင်ရေးကြီးတစ်ခု၏အကြီးဆုံးသော မှားယွင်းမှုတစ်ခုဖြစ်ကြောင်း၊ တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့သည့် စစ်သားများသည် "ဟားမားစ်"ကို ပစ်မှတ်ထား တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် အကူအညီပေးရေးအဖွဲ့ မော်တော်ယာဉ်များ၏ အမှတ်တံဆိပ်များကို ညဘက်တွင် မမြင်နိုင်သောကြောင့် အတည်ပြုနိုင်ခဲ့ခြင်းမရှိကြောင်း အစ္စရေးတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူ ဒန်နီရယ်ဟာဂါရီက ပြောကြားသည်။

NGO မှ ဝန်ထမ်းများက အစ္စရေးတပ်မတော်၏ တာဝန်အရလုပ်ဆောင်မှုကို အသိအမှတ်ပြုသော်လည်း လွတ်လပ်သည့် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန်တောင်းဆိုနေကြသည်။ ထို့အတူ နိုင်ငံတကာ လူသားချင်းစာနာထောက်ထားမှုဥပဒေကို ချိုးဖောက်မှုများ ရပ်တန့်ရန် ကုလသမဂ္ဂ၏ "ဩဇာ" ကို အသုံးပြုရန် ကုလသမဂ္ဂလုံခြုံရေး ကောင်စီအစည်းအဝေးတွင် အကူအညီပေးရေး လုပ်သားများက တောင်းဆိုခဲ့ကြသည်။ ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဂီလတ် အာဒန်က ယင်းတိုက်ခိုက်မှုဖြစ်စဉ်နှင့်ပတ်သက်၍ များစွာဝမ်းနည်းမိကြောင်း၊ အစ္စရေးအနေဖြင့် ကယ်ဆယ်ရေးလုပ်သားများကို မဆိုထားနှင့်အရပ်သားများကိုပါ တမင်တကာ ပစ်မှတ်ထားတိုက်ခိုက်ခြင်းမျိုး မည်သည့်အခါမျှ လုပ်ဆောင်မည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။

အင်န်အိတ်ချ်ကေ




အစ္စရေးတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒန်နီရယ် ဟာဂါရီ

# ဂါဇာ၌ ပါလက်စတိုင်း သေဆုံးသူ ၃၃၀၃၇ ဦးအထိ မြင့်တက်လာ

**ဂါဇာ မေ ၆**

အစ္စရေး၏ ဆက်လက်ပစ်ခတ်တိုက်ခိုက်မှုများကြောင့် ဂါဇာကမ်းမြောင်၌ ပါလက်စတိုင်းသေဆုံးသူအရေအတွက်မှာ ၃၃၀၃၇ ဦးအထိ မြင့်တက်လာကြောင်း ဧပြီ ၆ ရက်တွင် ဂါဇာကမ်းမြောင်ရှိ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာခဲ့သည်။

လွန်ခဲ့သော ၂၄ နာရီအတွင်း အစ္စရေး၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်း ၄၆ ဦးသေဆုံးပြီး အခြား ၆၅ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ထို့ကြောင့် အောက်တိုဘာ ၇ ရက်က အစ္စရေး-ဟားမားစ် ပဋိပက္ခစတင်ဖြစ်ပွားမှုနောက်ပိုင်း ပါလက်စတိုင်းသေဆုံးသူပေါင်းမှာ ၃၃၀၃၇ ဦးနှင့် ထိခိုက်ဒဏ်ရာရရှိသူပေါင်း ၇၅၈၀၁ အထိ မြင့်တက်လာခြင်းဖြစ်ကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆင်ဟွာ

# နောက်ထပ် စတားလင့်ခ် ဂြိုဟ်တု ၂၃ စင်း လွှတ်တင်

**လော့စ်အိန်ဂျလိစ် မေ ၆**

အမေရိကန်ပုဂ္ဂလိက အာကာသကုမ္ပဏီ SpaceX သည် ဂြိုဟ်ပတ်လမ်းအတွင်းသို့ ဧပြီ ၅ ရက်က နောက်ထပ် စတားလင့်ခ် ဂြိုဟ်တု ၂၃ စင်းကို လွှတ်တင်လိုက်ကြောင်း သိရသည်။ အဆိုပါဂြိုဟ်တုများကို ဖလော်ရီဒါပြည်နယ် ကိတ်ကနာဗရယ် အာကာသတပ်ဖွဲ့စခန်းမှ ဖယ်လ်ကွန် - ၉ ဒုံးပျံဖြင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း SpaceX ၏ ထုတ်ပြန်ချက်အရ သိရသည်။ ဖယ်လ်ကွန် - ၉ ဒုံးပျံ၏ ပထမအဆင့်သည် အတ္တလန်တိတ်သမုဒ္ဒရာတွင် စခန်းချထားသော A Short-fall of Gravitas ဒရုန်းယာဉ်ပေါ်သို့ဆင်းသက်ခဲ့ကြောင်း အာကာသကုမ္ပဏီက ထုတ်ပြန်ထားသည်။



နောက်ပိုင်းတွင် ဂြိုဟ်တု ၂၃ စင်း ဖြန့်ကြက်ချထားနိုင်မှုကို SpaceX က အတည်ပြုခဲ့သည်။ စတားလင့်ခ်သည် အင်တာနက်သုံးစွဲခွင့် မရရှိသောနေရာများ၊ သုံးစွဲခွင့်ရရန် ဈေးအလွန်ကြီးသော နေရာများ သို့မဟုတ် လုံးဝသုံးစွဲခွင့် မရရှိသောနေရာများအား မြန်နှုန်းမြင့် အင်တာနက်ဝန်ဆောင်မှုကို သုံးစွဲခွင့် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး နေပြည်တော်ရှိ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ဝန်ထမ်းအိမ်ရာများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၆

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးသည် အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ ယနေ့ ညနေပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်၊ ဓနသိဒ္ဓိရပ်ကွက်၊ ဘောဂသိဒ္ဓိရပ်ကွက်၊ သုခသိဒ္ဓိရပ်ကွက်တို့ရှိ ကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများနေထိုင်သည့် အိမ်ရာများ၊ လူပျိုနှင့် အပျိုဆောင်များသို့ သွားရောက်စစ်ဆေးသည်။



စစ်ဆေးစဉ်အိမ်ရာ၊ အဆောင်စည်းကမ်းချက်များနှင့် အညီ နေထိုင်ရေး၊ အဆောက်အဦများ ပြုပြင်ထိန်းသိမ်းရေး၊ ရေ၊ မီးနှင့် ရေနုတ်မြောင်းစနစ်များ ကောင်းမွန်ရေး၊ သန့်ရှင်းသာယာရေး၊ လုံခြုံရေးအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ကော်မရှင်ဥက္ကဋ္ဌ က ဝန်ထမ်းအိမ်ရာများတွင် နေထိုင်သော ဝန်ထမ်းများအနေဖြင့် အိမ်ရာနှင့် အဆောင်လုံခြုံရေးအတွက် အသိ၊ သတိဖြင့်နေထိုင်ကြရန်၊ အဆောင်စည်းကမ်း၊ တိုက်စည်းကမ်း လိုက်နာကြရန်၊ ဧည့်သည်များ လာရောက်ပါက ခွင့်ပြုချက်ဖြင့်တည်းခိုရန်၊ မသက်ဆိုင်သူများ လက်ခံထားရှိခြင်း မပြုရန်၊ ဧည့်စာရင်းတိုင်ကြားရန်၊ အမှိုက်များစွန့်ပစ်ရာတွင် စနစ်တကျစွန့်ပစ်ရန်၊ ဝန်ထမ်းအိမ်ရာနှင့် အဆောင်ပတ်ဝန်းကျင်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ရန်၊ လျှပ်စစ်မီးနှင့်ရေများကို လေလွင့်မှုမရှိစေရန်၊ စနစ်တကျသုံးစွဲရန်နှင့် မီးဘေးအန္တရာယ်ကင်းရှင်းရေး စီမံဆောင်ရွက်ရန်၊ လုံခြုံရေး အထူးသတိပြုရန်၊ တိုက်တာဝန်ခံ၊ ဒုတိယတိုက် တာဝန်ခံများအနေဖြင့် ဧည့်စာရင်းအပါအဝင် သန့်ရှင်းရေးနှင့် စည်းကမ်းတကျနေထိုင်ရေးအတွက် စစ်ဆေးကြပ်မတ်ကြရန်၊ မိသားစုစိတ်ဓာတ်ဖြင့် စည်းလုံးညီညွတ်စွာ နေထိုင်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## အခမဲ့ သုံးစွဲခွင့်ပြုပါရန် မူပိုင်ခွင့်ရှိသူများထံ မေတ္တာရပ်ခံပန်ကြားခြင်း

မြန်မာတစ်မျိုးသားလုံး အလေးအမြတ်ထားပြီး ပျော်ရွှင်စွာဆင်နွှဲကြသည့် မြန်မာ့ရိုးရာ အတာသင်္ကြန်ပွဲတော်ကာလကို ယခင်နှစ်များနည်းတူ ၂၀၂၄ ခုနှစ်တွင်လည်း မြန်မာ့ရိုးရာအစဉ်အလာများနှင့်အညီ ဆင်နွှဲသွားမည်ဖြစ်ပါသည်။ ထိုသို့ဆင်နွှဲရာတွင် ဖျော်ဖြေမှုအနေဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ/ ဝန်ကြီးဌာနများအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများသည် မဟာသင်္ကြန်တေးသီချင်းများကို ဖျော်ဖြေသီဆိုမှုများ၊ တင်ဆက်ကပြမှုများကို ပြုလုပ်သွားမည်ဖြစ်ပါသည်။ ထိုသို့ နိုင်ငံတော်အစိုးရ ကိုယ်စားပြုလုပ်သည့် မြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော်တွင် ကျင်းပပြုလုပ်မည့် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်များတွင် သင်္ကြန်နှင့်သက်ဆိုင်သော တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေမှုများအား မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက အများပြည်သူသို့ အခမဲ့ထုတ်လွှင့်ပြသသွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ စီးပွားရေးအကျိုးအမြတ်အတွက်မဟုတ်ဘဲ အများပြည်သူဖျော်ဖြေရေးအတွက် ရည်ရွယ်ဆောင်ရွက်သော အထက်ပါနေရာများ၌ သီဆိုဖျော်ဖြေခြင်း၊ ထုတ်လွှင့်ဖော်ပြခြင်းများတွင် ပါဝင်သည့် တေးသီချင်းများအား မေတ္တာဖြင့် အခမဲ့သုံးစွဲခွင့်ပြုနိုင်ပါရန် မူပိုင်ခွင့်ရှိသည့် ပညာရှင်ကြီးများကို လေးစားစွာမေတ္တာရပ်ခံပန်ကြားအပ်ပါသည်။

ထိုသို့ အသုံးပြုခွင့်ပေးသည့်အတွက် ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်သည့် မူပိုင်ခွင့်ရှိသူ ပုဂ္ဂိုလ်တစ်ဦးချင်းစီအား အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

## တရားမဝင် သစ်မျိုးစုံ၊ ကျောက်စိမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

နေပြည်တော် မေ ၆

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ မေ ၃ ရက်တွင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်အောင်ခရိုင် အင်္ဂပူမြို့နယ်နှင့် ကြံခင်းမြို့နယ်တို့၌ တရားမဝင် ကျွန်းသစ် ၀ ဒသမ ၃၅၄ တန်နှင့် အခြားသစ် ၁၂ ဒသမ ၁၆၈ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၇၄၈၇၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၃ ရက်နှင့် ၄ ရက်တို့တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ရာတွင် သရက်ခရိုင် မင်းတုန်းမြို့နယ်၌ တရားမဝင် သစ်မျိုးစုံ ၁၅ ဒသမ ၉၃၂ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၈၇၆၁၆၂ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၃ ရက်နှင့် ၄ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာငါးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် Ceramic Tiles ၅၃၅၈ ဒသမ ၂၄ စတုရန်းမီတာ၊ JUBA Welding Machine ၅၂ လုံး၊ တရုတ်နိုင်ငံထုတ် Lambda ပိုးသတ်ဆေး ကီလိုဂရမ် ၃၀၀၀ အပါအဝင် ကုန်ပစ္စည်း နှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၇၆၅၉၉၄၄)ကိုလည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ ၃၁ လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Alpha ဘိလပ်မြေအိတ်ခွံ ကီလိုဂရမ် ၅၀၀၀၊ Galvanized Iron Pipe ကီလိုဂရမ် ၄၆၅၀၊ ဘိုလီဗီးယားနိုင်ငံထုတ် မုန်ညင်းစေ့ ၅၆၉၇၄ ကီလိုဂရမ်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း Golden Elite Gypsum Base Selfleveling ကီလိုဂရမ် ၅၀၀၀ နှင့် KANG LONG Commercial+Self–Leveling ကီလိုဂရမ် ၂၀၉၅၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၉၆၇၄၈၃၀) ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၇၃၃၄၇၇၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၄ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ၁၆ မိုင်ကျောက်ချောစစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟုယူဆရသော အရွယ်စုံကျောက်တုံး ၆၅ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၂၅၀၀၀၀) နှင့်အဆိုပါ ကျောက်စိမ်းများ တင်ဆောင်လာသည့် Mitsubishi Pajero တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၂၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် မေ ၄ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့ ရွှေသံလွင်တိုးဂိတ်အနီး၌ သာမညမှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Mazon Toilet Commode ၂၈၂ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၇၀၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၄ ရက်တွင် စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၀၀၀၀၀) ကိုလည်းကောင်း၊ မေ ၅ ရက်တွင် မုံရွာမြို့ လယ်ဇင်ကျေးရွာ၌ လိုင်စင်မဲ့ Yamaha မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀)ကိုလည်းကောင်း၊ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Chevrolet Colorado မော်တော်ယာဉ်တစ်စီးနှင့် Toyota Hijet မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၉၀၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မေ ၄ ရက်တွင် ရွာသာကြီး Dry Port ၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Golda Shortening Chemical Supplier ကီလိုဂရမ် ၇၅၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၈၁၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Fuso FZ Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၀၀၀၀၀၀၀) ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မေ ၅ ရက်တွင် အင်းစိန်မြို့နယ် အောက်မင်္ဂလာဒုံလမ်း၌ လိုင်စင်မဲ့ Toyota Alphard မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၂၈၁၀၀၀၀ ကို အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၅ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်ခရိုင် ကျွန်းစုမြို့နယ် သမီးလှကျွန်းအရှေ့ ၀ ဒသမ ၆ မိုင်ခန့်အကွာ၌ သစ်သားလှေတစ်စင်းပေါ်မှ တရားမဝင် ငါးမျိုးစုံ ကီလိုဂရမ် ၁၉၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇၅၀၀၀)နှင့် ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ခိုကျွန်းအရှေ့ဘက်၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ရုပ်ဆွဲလှေနှစ်စင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ ဘုတ်ပြင်းခရိုင် ဘုတ်ပြင်းမြို့နယ်၌ လိုင်စင်မဲ့ Yamaha FINN 115 မော်တော်ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၇၅၀၀၀ ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မေ ၅ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဝိုင်းမော်မြို့ အမှတ်(၄) ရပ်ကွက်၌ လိုင်စင်မဲ့ Shacman SX–2150 Truck နှစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ မေ ၃ ရက်၊ ၄ ရက်နှင့် ၅ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၄၁ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၉၇၂၇၀၈၀၆ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## ခရမ်းမြို့၌ တပ်မတော်က စစ်မှုထမ်းထောက်ပံ့ရန် အဓမ္မငွေကောက်ခံနေဟု သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၆**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် မတ်လမှစပြီး နေအိမ်တိုင်း စစ်မှုထမ်းသွားမည့်သူများအား ထောက်ပံ့ပေးမည်ဆိုသည့် အကြောင်းပြချက်ဖြင့် ငွေကြေး ကောက်ခံမှုများကို အလွန်အကျွံပြုလုပ်လျက်ရှိသည်ဟု သတင်းတု၊ သတင်းအမှားများကို ပြည်ဖျက်မီဒီယာ DVB က လူမှုကွန်ရက် စာမျက်နှာများတွင် မဟုတ်မမှန် စွပ်စွဲရေးသားထားပြီး ပြည်သူများ အထင်အမြင် လွဲမှားစေရန် ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အထက်ပါသတင်းနှင့် ပတ်သက်၍ ခရမ်းမြို့နယ်ရှိ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ရပ်ကွက်၊ ကျေးရွာများတွင် စစ်မှုထမ်းဆောင်မည့် သူများအတွက် ငွေကြေးကောက်ခံခိုင်းသည်ဆိုသည့်သတင်းမှာ သတင်းအမှားသာဖြစ်ပြီး မိမိတို့အနေဖြင့် ထိုသို့သော ကောလာဟလ သတင်းများမှ ပြည်သူများ အမြင်မှန် သိရှိစေရေး ရပ်ကွက်၊ ကျေးရွာအုပ်စုများအလိုက် ပြည်သူများ သို့ အသိပေးချပြ ရှင်းလင်းခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ပြည်သူ့စစ်မှုထမ်း ဥပဒေ အာဏာတည်သည့် နေ့မှစ၍ တရားမဝင်ပြည်ဖျက်မီဒီယာများ



သည် ပြည်သူများစိုးရိမ်ထိတ်လန့်လာစေရန် လုပ်ကြံသတင်းမျိုးစုံဖြင့် ဝါဒဖြန့်ခြင်း၊ သတင်းတု သတင်းမှားများဖြင့် မဟုတ်မမှန်စွပ်စွဲ၍ အောက်တန်းကျစွာဖြင့် လုပ်ကြံဖန်တီးရေးသားခြင်းများ ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## လိပ်ပြာပုံ နှစ်ရာကျပ်တန် တံဆိပ်ခေါင်းသစ်တစ်မျိုး ရောင်းချပေးသွားမည်

**နေပြည်တော် မတ် ၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌ တွေ့ရှိရသော လိပ်ပြာမျိုးစိတ်အဖြစ် မှတ်တမ်းတင်သဘောထားမှတ်ချက်ပြုထားသည့် “Comm-on Yellow Swallowtail”** လိပ်ပြာပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးကို **၂၀၂၄ ခုနှစ်၊ ဧပြီ ၁၀ ရက်၊ မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီခွဲမှ** စတင်၍ နေပြည်တော် ဇဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေး




စာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး/ ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ် တစ်ရပ်အနေဖြင့် နေပြည်တော် ဇဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **ဧပြီ ၁၀ ရက်တွင်** ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မင်းတပ်မြို့နယ် အောက်ချိုင်ရွာကို တပ်မတော်က လေကြောင်းဖြင့် ဗုံးကြဲမှု ကလေးငယ်နှစ်ဦးအပါအဝင် ပြည်သူငါးဦး ဒဏ်ရာရရှိမှုနှင့် ရွှေဘိုမြို့နယ် ရှားတောရွာကို တပ်မတော်က စစ်ကြောင်းထိုးဝင်ရောက်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးမှုကြောင့် ပြည်သူများ ရွာလုံးကျွတ်ထွက်ပြေးနေရကြောင်း သတင်းတု၊ သတင်းအမှားများကို ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဧပြီ ၆**

ချင်းပြည်နယ် မင်းတပ်မြို့နယ် အောက်ချိုင်ရွာကို ဧပြီ ၃ ရက်တွင် တပ်မတော်က လေကြောင်းမှ ဆင့်ပွားထပ်ဆင့်ပေါက်ကွဲစေသည့် Cluster ဗုံးများဖြင့် ကြဲချတိုက်ခိုက်ခဲ့ရာ ကလေးငယ်နှစ်ဦးအပါအဝင် ပြည်သူငါးဦး ဒဏ်ရာရရှိခဲ့သည်ဟု မဟုတ်မမှန် ကောလာဟလ သတင်းမှားများကိုလူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိသည်ကို တွေ့ရှိရသည်။

**သတင်းအမှားဖြစ်**

ဖြစ်စဉ်အရ ဧပြီ ၃ ရက်



တွင် တပ်မတော်က လေကြောင်း ဗုံးကြဲ တိုက်ခိုက်သည်ဆိုသည့် သတင်းမှာ သတင်းအမှားသာဖြစ်ကြောင်းနှင့် ထိုနေ့တွင် လေကြောင်းပျံသန်းမှု မရှိကြောင်းကို သက်ဆိုင်ရာနယ်မြေရှိ လုံခြုံရေး တာဝန်ရှိသူတစ်ဦး၏



ပြောကြားချက်အရ သိရှိရသည်။

အလားတူ ယနေ့နံနက်တွင် ရွှေဘိုမြို့နယ် ရှားတောရွာကို တပ်မတော်က စစ်ကြောင်းထိုးဝင်ရောက်ပြီး နေအိမ်များကို မီးရှို့ဖျက်ဆီးမှုကြောင့် ပြည်သူများ ရွာလုံးကျွတ် ထွက်ပြေးနေရကြောင်း မဟုတ်မမှန်ရေးသားဖော်ပြထားသည်ကို တွေ့ရှိရပြီး ဖြစ်စဉ်အမှန်မှာ အဆိုပါကျေးရွာတွင် အကြမ်းဖက်သမားများ ခိုအောင်း လှုပ်ရှားလျက်ရှိကြောင်း အကြမ်းဖက်မှုကို မလိုလားသော ဒေသခံပြည်သူအချို့၏ သတင်းပေးပို့ချက်အရ လုံခြုံရေးတပ်ဖွဲ့များမှ နယ်မြေလုံခြုံရေး သွားရောက်ဆောင်ရွက်မှုကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ Drop ဗုံးချတိုက်ခိုက်ခြင်းများ လုပ်ဆောင်ကာ ကျေးရွာရှိ နေအိမ်အချို့ကို မီးရှို့ ဖျက်ဆီးမှုများကြောင့် ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်မှုများရှိကြောင်း သိရှိရသည်။

**အထင်အမြင်လွဲစေရန်**

အကြမ်းဖက် အားပေးပြည်ဖျက် မီဒီယာများသည် အကြမ်းဖက် သမားများ၏ လုပ်ရပ်များကို ပြည်သူလူထုမှ တပ်မတော်အပေါ် အထင်အမြင်လွဲမှားသွားစေရန် သတင်းတု သတင်းမှားများကို အချိန်ကိုက်ရေးသားဖြန့်ဝေကာ ဝါဒဖြန့်ချိနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဧပြီ ၆**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်ပါသည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေ့အပူချိန်များ အနည်းငယ် တိုးနေမည်။ **မိုး/ဇလ**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၆**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

**မီဒီယာများမှတစ်ဆင့် အသိပေးသတင်း ထုတ်ပြန်**

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူ အနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

**တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း**

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဧပြီ ၅ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “Neko Shiri” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ဇေယျာသီရိမြို့နယ်နေ စောဒေးဇစ်၊ “Pyae Phyo Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ်နေ ပြည့်ဖြိုးအောင်၊ “Pyae Shan” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ဇေယျာသီရိမြို့နယ်နေ ပြည့်လျှံငြိမ်းချမ်းတို့သုံးဦးအား နံနက် ၇ နာရီခွဲ အချိန်တွင်လည်းကောင်း၊ “Taw Oo” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော် ဇေယျာသီရိမြို့နယ်နေ နော်တောအူးဖောအား ည ၇ နာရီ မိနစ် ၅၀ တွင်လည်းကောင်း၊ “Kham Kham Foot Villa Pyin Oo Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၁၂) နေ သွင်ထူးညီအား ညနေ ၅ နာရီ ၁၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်း ဆောင်ရွက်ခဲ့သည်။

**ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်**

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်ထဲက ရေညှိစိမ်းများရှိရာ ကျောက်ကလပ်ကမ်းခြေ

■ ယဉ်လာဒ်၊ ဓာတ်ပုံ - ကိုကွေကာ(ဂေါ်ရန်ဂျီလမ်းညွှန်)

**ဧရာဝတီတိုင်းဒေသကြီးအတွင်းမှာ ပြည်တွင်းခရီးသွားဧည့်သည်တွေ အများဆုံးသွားရောက်လည်ပတ်ကြတဲ့ ကမ်းခြေတွေထဲက တစ်ခုအပါအဝင်ဖြစ်တဲ့ ကျောက်ကလပ်ကမ်းခြေအကြောင်းကို ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြပေးချင်ပါတယ်။**



ကျောက်ကလပ်ကမ်းခြေသို့ လာရောက်လည်ပတ်ကြသည့် ပြည်တွင်းခရီးသွားများ။

**ထုံးကျောက်သား ကျောက်ဆောင်ကမ်းခြေ**

"ကျောက်ကလပ် ကမ်းခြေရဲ့ ကျောက်ဆောင်တွေက ထုံးကျောက်သား ကျောက်ဆောင်ဖြစ်တာမို့ သူ့သဘာဝအလှနဲ့သူ ရှိနေပါတယ်"လို့ ကျောက်ကလပ်ကမ်းခြေရဲ့ ရာသီအလိုက် မြင်ကွင်းလှပမှုတွေကို ခုနစ်နှစ်ကျော် လေ့လာခဲ့ပြီး ကမ်းခြေသစ်တွေကို လိုက်လံဖော်ထုတ်ကာ အများပြည်သူ သိရှိအောင် တတ်ကျွမ်းတဲ့ ဓာတ်ပုံပညာနဲ့ ရိုက်ကူးပြီး Social Media ပေါ်မှာ ဖော်ပြပေးနေတဲ့ ဒေသခံ ကိုကွေကာ (ဂေါ်ရန်ဂျီလမ်းညွှန်)က စာရေးသူကို ပြောပြပါတယ်။ "ကျောက်ကလပ် ကမ်းခြေသာမက လူသူသိပ်မသိသေးတဲ့ ကမ်းခြေတွေလည်း အများကြီးရှိသေးပြီး အဲဒီကမ်းခြေတွေကိုလည်း ထပ်မံဖော်ထုတ်သွားဦးမှာ ဖြစ်တယ်"လို့ သူက ဆိုပါတယ်။

**ကမ်းခြေသို့ လမ်းကြောင်းသုံးမျိုး**

ကျောက်ကလပ် ကမ်းခြေဟာ ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းအနီး ဒီးဒူးကုန်းကျေးရွာအုပ်စုမှာ တည်ရှိပြီး ကျောက်ကလပ် ကမ်းခြေဆီကို သွားရောက်နိုင်တဲ့ လမ်းကြောင်းသုံးမျိုး ရှိပါတယ်။ ကျောက်ကလပ်ကမ်းခြေကို ပုသိမ်မြို့ကနေ သွားရောက်ရင် ရေမိုင် ၆၀ ခန့်ကွာဝေးပြီး ရေယာဉ်နဲ့ဆို ၈ နာရီခန့် သွားရောက်ရပါတယ်။ ဒုတိယလမ်းအနေနဲ့ မော်တင်စွန်းဘက်ကနေလည်း ကျောက်ကလပ် ကမ်းခြေဆီကို သွားရောက်လည်ပတ်လို့ရပါတယ်။

"ကျွန်တော်ကတော့ ကျောက်ကလပ်ကမ်းခြေကို လပွတ္တာမြို့ကနေ သွားရောက်တာကို ပိုအားပေးပါတယ်။ ရန်ကုန်ကနေ မိုင် ၁၅၀ လောက်ကွာဝေးတဲ့ လပွတ္တာမြို့ကနေ လပွတ္တာလုပ်ရွာဆီကို ကိုယ်ပိုင်ကားနဲ့ မိနစ် ၂၀ လောက်မောင်းရင် ဇက်ဆိပ်ကို ထပ်ရောက်ပါမယ်။ မိနစ် ၃၀ လောက် ဇက်စီးရပြီး ရေပေါ့ကြီးဘက်ကမ်းကို ရောက်ပါမယ်။ ဇက်ကူးချိန်တွေကတော့ နံနက် ၆ နာရီနဲ့ ညနေ ၅ နာရီ နှစ်ချိန်ပဲ ကူးပါတယ်။ ကျန်အချိန်တွေမှာ ဇက်ကူးချင်ရင်တော့ အထူးအော်ဒါကြေးပေးပြီး ကူးလို့တော့ရပါတယ်။ ဇက်ကူးပြီးရင် တံတားကြီး တံတားအသေး ၁၃ ခုလောက်ကို ဖြတ်ရပါတယ်။ လပွတ္တာမြို့ကနေ ၅၅ မိုင်လောက် ကွာဝေးပါတယ်။ လမ်းတိုပေမယ့် ကျောက်ခင်းလမ်းတွေ တံတားတွေသာ ပိုပြီးကောင်းမွန်ရင် ကျောက်ကလပ်ကမ်းခြေကို ခရီးသွားဧည့်သည်တွေ ပိုပြီးလာရောက်လည်ပတ်လိမ့်မယ်"လို့ ကိုကွေကာက ဆက်ပြောပြပါတယ်။

> **"ရေညှိစိမ်းချိန်ကာလကို ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလပိုင်းတွေမှာ မြင်တွေ့နိုင်ပြီး ရေညှိဝါချိန်ကိုတော့ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလတို့မှာ တွေ့မြင်ရနိုင်ပါတယ်။ အလှဓာတ်ပုံရိုက်ကူးလိုတဲ့ ခရီးသွားတွေနဲ့ ဓာတ်ပုံပညာရှင်တွေအနေနဲ့ ဒီကာလတွေမှာ မဖြစ်မနေ လာရောက်လေ့လာ လည်ပတ်သင့်"**

**ခရီးစဉ် ၁၃ ခုမှာ ပါဝင်**

ကျောက်ကလပ်ကမ်းခြေရဲ့ အနီးတစ်ဝိုက်ဝန်းကျင်မှာ ပြင်ခရိုင်၊ ဒီးဒူးကုန်း၊ ချောင်းဝ၊ သက္ကယ်သောင်၊ ဘုန်းတော်ပြည့်၊ အုတ်တွင်း စတဲ့ရွာတွေ ရှိပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ခရီးသွားများ သွားရောက်လည်ပတ်နိုင်စေဖို့နဲ့ ဆက်စပ်လည်ပတ်နိုင်တဲ့ နေရာတွေအဖြစ် တိုင်းဒေသကြီးအစိုးရက ခရီးစဉ်ဒေသ ၁၃ ခုကို ဖော်ထုတ်ထားတဲ့ အထဲမှာလည်း ကျောက်ကလပ်ကမ်းခြေဟာ တစ်ခုအပါအဝင် ဖြစ်ပါတယ်။

ကျောက်ကလပ်ကမ်းခြေကို ရောက်ရင် ကမ်းခြေရဲ့ ပတ်ဝန်းကျင်နေရာတွေဖြစ်တဲ့ ဒီးဒူးချိုင်ကမ်းခြေ၊ ဓားသွေးကျောက်ကမ်းခြေ၊ မေဓာအိုင်ကမ်းခြေ၊ ထိပ်စွန်း၊ ကျောက်ကလပ်စေတီ၊ ရေညှိပြင်၊ ကျောက်မီးဖိုလုပ်ငန်း၊ တံငါလုပ်ငန်းတို့ကိုလည်း သွားရောက်လေ့လာနိုင်ပြီး ဓာတ်ပုံရိုက်ကူးနိုင်ပါတယ်။

**ကမ်းခြေရဲ့ အလှပဆုံးအချိန်**

ကျောက်ကလပ် ကမ်းခြေရဲ့ အလှပဆုံးအချိန်တွေကို လေ့လာဓာတ်ပုံရိုက်နေတဲ့ ကိုကွေကာကတော့ "ကျောက်ကလပ်ကမ်းခြေရဲ့ အရိုင်းဆန်ဆန် အလှတရား မြင်ကွင်းနှစ်မျိုးကို တွေ့မြင်နိုင်တဲ့ကာလကတော့ ရေညှိစိမ်းချိန်နဲ့ ရေညှိသေချိန်ကြားကာလ ရေညှိဝါချိန်ဖြစ်ပါတယ်။ ရေညှိစိမ်းချိန်ကာလကို ဩဂုတ်၊ စက်တင်ဘာ၊ အောက်တိုဘာလပိုင်းတွေမှာ မြင်တွေ့နိုင်ပြီး ရေညှိဝါချိန်ကိုတော့ နိုဝင်ဘာ၊ ဒီဇင်ဘာ၊ ဇန်နဝါရီလတို့မှာ တွေ့မြင်ရနိုင်ပါတယ်။ အလှဓာတ်ပုံရိုက်ကူးလိုတဲ့ ခရီးသွားတွေနဲ့ ဓာတ်ပုံပညာရှင်တွေအနေနဲ့ ဒီကာလတွေမှာ မဖြစ်မနေ လာရောက်လေ့လာ လည်ပတ်သင့်တယ်"လို့ ကိုကွေကာက အကြံပြုပါတယ်။

**မဖြစ်မနေ လည်ပတ်စရာနေရာ**

မြန်မာပြည်အနှံ့ ဘုရားဖူးနဲ့ ခရီးသွားပို့ဆောင်ပေးနေတဲ့ ရွှေချမ်းသာဘုရားဖူးလုပ်ငန်းမှ တာဝန်ရှိသူကလည်း "ပြည်တွင်း ခရီးသွားတွေအနေနဲ့ မော်တင်စွန်းဘုရား သွားဖူးကြရင် ဟိုင်းကြီးကျွန်း၊ ငွေတောင်ကမ်းခြေ၊ ကျောက်ကလပ်ကမ်းခြေ၊ ချောင်းသာကမ်းခြေ၊ ဖိုးကုလားကျွန်း၊ ကျောက်မောင်နှမ၊ Sea & Lake၊ ပုသိမ်ရွှေမုဋ္ဌော၊ ယိုးဒယားဘုရားနဲ့ ရေကြည်ရေနောက်ဘုရားတွေကို မဖြစ်မနေ လည်ပတ်စရာနေရာတွေအဖြစ် ခရီးစဉ်ထည့်ပြီး ပို့ဆောင်ပေးနေရပါတယ်"လို့ ပြောပါတယ်။

လက်ရှိအချိန်မှာ ကျောက်ကလပ်ကမ်းခြေကို သွားရောက်လည်ပတ်မယ်ဆိုရင် ကမ်းခြေအနီးတစ်ဝိုက်မှာ တည်းခိုခန်းမရှိသေးတာကြောင့် ညအိပ်တည်းခိုဖို့အတွက် ဒေသခံအိမ်တွေမှာ တည်းခိုရမှာဖြစ်ပြီး သွားရောက်လည်ပတ်လိုရင် ကြိုတင်စီစဉ်ပေးရတယ်လို့ ခရီးသွားဝန်ဆောင်မှုကိုပါ ပြုလုပ်ပေးနေတဲ့ ကိုကွေကာက စာရေးသူကို ပြောပါတယ်။

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် မော်တင်စွန်းနဲ့ မျက်နှာချင်းဆိုင် ထိပ်စွန်းအရပ်ဒေသ တောင်ဘက်အစွန်းလေးမှာ တည်ရှိတဲ့ ဧရာဝတီတိုင်းရဲ့ အလှတစ်ပါးလို့ တင်စားရတဲ့ ကျောက်ကလပ်ကမ်းခြေကို သွားရောက်လည်ပတ်နိုင်စေဖို့ ဒီတစ်ပတ်ရဲ့ ခရီးသွားလမ်းညွှန်အနေနဲ့ ဖော်ပြပေးလိုက်ရပါတယ်။ ။





ကျောက်ကလပ်ကမ်းခြေ၏ ရေညှိစိမ်းချိန်ကာလတွင် အလှဓာတ်ပုံ ရိုက်ကူးသူတစ်ဦး။

# ၂၀၂၄ ခုနှစ် မတ်လအတွင်း ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထုအရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner ၊ Air Quality Monitoring Station (AQM–65) ၊ Scentroid (SL–50 Scential) ၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer–1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$) ၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

| စဉ် | | ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ပြည်နယ် တိုင်းတာသည့်နေရာ | တိုင်းတာသည့် Parameter များ | | | | | |
|---|---|---|---|---|---|---|---|---|
| | | | ၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ | ဆာလဖာဒိုင်အောက်ဆိုက် | နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက် | အိုဇုန်း | ကာဗွန်မိုနောက်ဆိုက် |
| ၁ | ပြည်ထောင်စုနယ်မြေ နေပြည်တော် | | | | | | | |
| | ၁ | ဥတ္တရသီရိမြို့နယ် | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| ၂ | ရန်ကုန်တိုင်းဒေသကြီး | | | | | | | |
| | ၁ | ဗိုလ်တထောင်မြို့နယ် | ကောင်းမွန် | | | | | |
| | ၂ | သာကေတမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | တောင်ဒဂုံမြို့နယ် | ကောင်းမွန် | | | | | |
| | ၄ | သန်လျင်မြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၅ | လှည်းကူးမြို့နယ် | ကောင်းမွန် | | | | | |
| | ၆ | ရွှေပြည်သာမြို့နယ် | ကောင်းမွန် | | | | | |
| ၃ | မန္တလေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | အမရပူရမြို့နယ် | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | မတ္တရာမြို့နယ် | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၃ | အောင်မြေသာစံမြို့နယ် | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၄ | ပုသိမ်ကြီးမြို့နယ် | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် | လက်ခံနိုင်သော | ကောင်းမွန် | | ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင် | ကောင်းမွန် |
| | ၅ | ညောင်ဦးမြို့နယ် | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၆ | ကျောက်ဆည်မြို့ | လက်ခံနိုင်သော | | ကောင်းမွန် | | | |
| | ၇ | ပြင်ဦးလွင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၄ | စစ်ကိုင်းတိုင်းဒေသကြီး | | | | | | | |
| | ၁ | မုံရွာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | လက်ခံနိုင်သော |
| | ၂ | ကသာမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၃ | ဟုမ္မလင်းမြို့ | ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင် | ကောင်းမွန် | | | | |
| | ၄ | လဟယ်မြို့ | ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| ၅ | တနင်္သာရီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ထားဝယ်မြို့ | ကောင်းမွန် | | | | | |
| | ၂ | မြိတ်မြို့ | ခံနိုင်ရည်နည်းပါးသူများအတွက်သာ ထိခိုက်နိုင် | ကောင်းမွန် | | | | |
| ၆ | ပဲခူးတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပဲခူးမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၇ | မကွေးတိုင်းဒေသကြီး | | | | | | | |
| | ၁ | မကွေးမြို့ | ကောင်းမွန် | လက်ခံနိုင်သော | ကောင်းမွန် | | | |
| | ၂ | သရက်မြို့ | | ကောင်းမွန် | | ကောင်းမွန် | | ကောင်းမွန် |
| ၈ | ကချင်ပြည်နယ် | | | | | | | |
| | ၁ | မြစ်ကြီးနားမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | ဗန်းမော်မြို့ | ကောင်းမွန် | | | | | |
| ၉ | ကရင်ပြည်နယ် | | | | | | | |
| | ၁ | ဘားအံမြို့ | ကောင်းမွန် | | | | | |
| | ၂ | မြဝတီမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၀ | မွန်ပြည်နယ် | | | | | | | |
| | ၁ | မော်လမြိုင်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| ၁၁ | ရခိုင်ပြည်နယ် | | | | | | | |
| | ၁ | ကျောက်ဖြူမြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |
| | ၂ | သံတွဲမြို့ | ကောင်းမွန် | | | | | |
| ၁၂ | ရှမ်းပြည်နယ် | | | | | | | |
| | ၁ | တောင်ကြီးမြို့ | | ကောင်းမွန် | | | | ကောင်းမွန် |
| | ၂ | တာချီလိတ်မြို့ | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် | ကောင်းမွန် | | | | |
| | ၃ | ကျိုင်းတုံမြို့ | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် | | | | | |
| ၁၃ | ဧရာဝတီတိုင်းဒေသကြီး | | | | | | | |
| | ၁ | ပုသိမ်မြို့ | လက်ခံနိုင်သော | ကောင်းမွန် | | | | |

### လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0-50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51-100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101-150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကိုထိခိုက်စေနိုင်သောအဆင့် |
| 151-200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201-300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301-500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှု အခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင် အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေးရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ မကွေးမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန၊ မကွေးတိုင်းဒေသကြီး၊ အမှတ်(၄၆)စက်မှုလယ်ယာစခန်း ပွင့်ဖြူမြို့တွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေ ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် (၁၂၀ ပေ x ၃၀ ပေ x ၁၆ ပေ)အရွယ် စက်ထားရုံ Steel Structure တစ်ထပ်ဆောက်လုပ်ရန် မြန်မာနိုင်ငံသား လုပ်ငန်းရှင်ကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် စည်းကမ်းချက်များကို (၈-၄-၂၀၂၄)ရက်မှ စတင်၍ ရောင်းချမည်ဖြစ်ပြီး (၂၆-၄-၂၀၂၄)ရက် (၁၆:၀၀)နာရီ နောက်ဆုံးထား၍ အိတ်ဖွင့်တင်ဒါများကို ပြန်လည်တင်သွင်းရမည် ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူများသည် အသေးစိတ်သိရှိလိုပါက မကွေးတိုင်းဒေသကြီး စက်မှုလယ်ယာ ဦးစီးဌာနမှူးရုံးတွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း ဖုန်းနံပါတ်-၀၉-၄၀၁၁၅၄၁၅၈၁ နှင့် ၀၉-၇၉၆၅၃၇၄၀၃ သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သန်လျင်ကြယ်စင်အိမ်ရာ၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအဆင့်၊ ဇုန်(A)၊ တိုက်အမှတ်(A4)၊ အခန်းအမှတ် (821)၊ Type (B)၊ Area ( 905 ) sqft ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့် အရပ်ရပ်တို့အား တိုက်ခန်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်စန္ဒာလွင် ၁၂/လမတ(နိုင်)၀၀၂၈၆၈၊ ဟန်သော်ဇေ ၁၂/ကမရ(နိုင်)၀၀၁၁၅၄ ထံမှ အပြီးအပြတ် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်တော်ထံသို့ ခိုင်လုံသောစာချုပ်စာတမ်းများနှင့် အတူ ယခုကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

**စောထက်မွန် (၁၂/ဥကမ(နိုင်)၂၀၆၈၄၃)**
**ဖုန်း-09-43125834**

## အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ်(၅)၊ ဦးပိုင်အမှတ် (၇၂+၇၃) ဧရိယာ(၀. ၀၅၅၁+၀. ၀၅၅၁)ဧက အကျယ်အဝန်းရှိ ဦးရန်ချီဟွေး အမည်ပေါက် ဂရန်မြေကွက်များနှင့် ယင်းမြေကွက်များပေါ်ရှိ ပေါက်ရောက် သစ်ပင်ဝင်းခြံ အကာအရံတို့နှင့်တကွ မြေပေါ်မြေအောက် နေထိုင် ပိုင်ဆိုင် အသုံးချအကျိုးခံစားခွင့်၊ အခွင့်အရေး အရပ်ရပ်အားလုံးတို့ကို ၎င်းတို့၏ တရားဝင်အမွေဆက်ခံခွင့်ရှိသူထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေအချို့ကို ပေးချေထားပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယင်းဂရန်မြေကွက်များနှင့် သက်ဆိုင်သော စာရွက်စာတမ်းမူရင်းများ၊ တရားရုံးအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့(၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်လိုသူများမရှိပါက အရောင်းအဝယ်ကိစ္စရပ်အား ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး၊ သက်ဆိုင်ရာရုံးဌာနအသီးသီးတွင် မြေပုံမြေရာဇဝင် လျှောက်ထားခြင်း၊ အိမ်ဆောက်မိန့်လျှောက်ထားခြင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုခြင်း၊ အမည်ပြောင်းခြင်းများအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေဝေဖြိုး (တရားလွှတ်တော်ရှေ့နေ)**
**၅၅x၁၀၈လမ်းထောင့်၊ ထွန်တုံးရပ်ကွက်၊**
**ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၄၀၂၅၅၂၅၃၅ ၊ ၀၉-၄၀၁၁၁၂၂၃**

## ဖခင်အမည်မှန်

လားရှိုးမြို့၊ အ.ထ.က(ခွဲ) အ.လ.က(၉)ကျောင်း Grade-9 တွင် ပညာသင်ကြားနေသော မအေးသီရိထွန်း၏ ဖခင်အမည် ဦးရဲနိုင်ထွန်း ဆိုသည်မှာ မှားယွင်းနေပါကြောင်းနှင့် ဖခင်အမည်မှန်မှာ ဦးမျိုးနိုင်ဦး ၉/ခမစ(နိုင်)၀၅၄၉၇၃ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

## ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6K/9528 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊(ရွှသာကြီး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2S/3808, FAW BESTUNE T77 PRO, Station Wagon (4x2)L ယာဉ်လက်ဝယ်ရှိသူ ဒေါ်လီထိုက်လင် ၁၃/လရန(နိုင်)၂၈၁၈၉ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော သက်သေအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်ပေါင်း(၃၀)အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊**
**တွဲဖက်ပြည်နယ်ရုံး(လားရှိုး)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၂၃၆၅/၉)၊ ဧရိယာ(၀.၀၆၇)ဧက၊ အမှုတွဲအမှတ် ၄၄-၅/၂၀၁၃-၂၀၁၄ ဖြင့် အရာခံဗိုလ်သန်းအောင်မှ အမည်ပေါက်မြေကွက်အား ၎င်း၏ ကိုယ်စား လားရှိုးခရိုင်တရားရုံး၊ ဘီလစ်စာရေးကြီးဦးစိုင်းကြည်လင်း ၁၃/လရန(နိုင်)၀၁၅၈၁၄မှ ရောင်း/ဝယ်စာချုပ်(၆၀၃၁/၂၀၂၃)ဖြင့် ဦးဖုန်ဝူလျှံ ၁၃/ကခန(နိုင်)၁၄၆၃၁၇ ထံသို့ ရောင်းချပေးပြီးဖြစ်၍ ဦးဖုန်ဝူလျှံမှ မြေငှားဂရန်အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း(၂၀) အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ အကွက်အမှတ် ၇၉၆၊ ဦးပိုင်အမှတ် (၁၁-ခဲစင်း)၊ ၆၃လမ်း၊ ၂၃ x ၂၄လမ်းကြားရှိ ဘိုးဘပိုင် မြေကွက်အမည်ပေါက်သူ ဒေါ်မေသန်းနွဲ့(ခ) ဒေါ်သန်းသန်းနွဲ့၏ (SPရရှိသူ ဒေါ်ဟန်နီကို) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၇၉၄/၂၀၂၃)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အိအိကို ၅/အရတ(နိုင်)၁၀၆၄၁၉ က အမှုတွဲအမှတ် ၀၀၀၇/ဘ-ခွဲ-ပြောင်း/၂၀၂၄-၂၀၂၅ဖြင့် ဘိုးဘ ဦးပိုင်ခွဲ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်**
**သာယာရေးကော်မတီ**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂/ကမာကသွယ်)၊ ကျွန်စစ်သား(၂)လမ်း၊ မြေကွက်အမှတ်(၈၈၂)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ၏ ဒေါ်နှင်းယုဆွေ(၁၂/ဗတထ(နိုင်)၀၃၂၃၆၆) အမည်ပေါက် နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦး အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်နှင့်တကွ အဆိုပါမြေနှင့်အဆောက်အဦးတည်ရှိရာတွင် တရားဝင်လုပ်ကိုင်ဆောင်ရွက်လျက်ရှိသော **မေယုမြင့်မိုရ်(ကိုယ်ပိုင်အထက်တန်းကျောင်း)**(မှတ်ပုံတင်အမှတ်-ကကယ-၁၃/၂၉/၄၉၆)သည် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းယုဆွေ(၁၂/ဗတထ(နိုင်)၀၃၂၃၆၆)မှ တစ်ဦးတည်းပိုင်ဆိုင်လျက်ရှိပါသည်။

ထိုသို့ မြေအမည်ပေါက်ဖြင့် တရားဝင်ပိုင်ဆိုင်ခြင်း၊ လုပ်ငန်းတည်ထောင်လုပ်ကိုင်ခြင်းတွင် တရားဝင်မှတ်ပုံတင်အမည်ပေါက်သူအဖြစ် လုပ်ငန်းပိုင်ဆိုင်ခြင်းတို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းယုဆွေ နှင့် ပတ်သက်၍ ပုဂ္ဂိုလ်ရေးအရသော်လည်းကောင်း၊ အကျိုးစီးပွားအရသော်လည်းကောင်း၊ နစ်နာစေလိုသော အကြောင်းကြောင့်သော်လည်းကောင်း ကန့်ကွက်နှောက်ယှက်ခြင်းမပြုရန်နှင့် ပြုလုပ်ပါကလည်း တည်ဆဲတရားဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်နှင်းယုဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးဇော်မျိုးနိုင်**
LL.B, D.B.L,
အထက်တန်းရှေ့နေ(စဉ်-၄၅၆၅၃)
အမှတ်(၇၂/မြေညီ)၊ ငမိုးရိပ်(၁၀)လမ်း၊ အပိုင်း(၄)၊ငမိုးရိပ်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်မြို့။
ဖုန်း-၀၉ ၂၅၀၂၉၀၇၈၁

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန အမှတ် (၅)ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာနသည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် သုတေသနဓာတ်ခွဲခန်းသုံးစက်နှင့် စက်ပစ္စည်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ရုံးသုံးစက်ပစ္စည်းများနှင့် ရုံးသုံးစက်ကိရိယာပစ္စည်းများ အတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်နှင့် ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ဆေး သုတေသနဦးစီးဌာန၊ အမှတ်(၅) ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍လည်းကောင်း၊ ဖုန်း-၀၉-၇၈၀၈၂၀၀၁၃၊ ၀၉-၈၈၁၁၁၂၂၀၅ နှင့် ၀၉-၂၆၉၄၄၇၄၁၇သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့်စက်ပစ္စည်းတစ်ခုချင်းအတွက်ဈေးနှုန်းတင်သွင်းလွှာ-

| | | | |
|---|---|---|---|
| (က) | **စတင်ရောင်းချမည့်ရက်** | - | ၈-၄-၂၀၂၄ရက်(တနင်္လာနေ့) နံနက် ၁၀:၀၀နာရီ |
| (ခ) | **အိတ်ဖွင့်တင်ဒါပိတ်ရက်** | - | ၃-၅-၂၀၂၄ရက် (သောကြာနေ့) မွန်းလွဲ ၂:၀၀နာရီ |
| (ဂ) | **ရောင်းချမည့်နေရာ** | - | ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)အမှတ်(၅)ဇီဝကလမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ |

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

သာစည်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၉/ကျောင်းကြီးရပ်)၊ ဦးပိုင်အမှတ်(၃၆)၊ မြေကွက်အမှတ်(၇၁)၊ မြေဧရိယာ(၀.၁၁၈)ဧကရှိ မြေကွက်သည် ဦးဌေးအောင်(၇/ရတရ(နိုင်)၁၉၉၀၅၉)-ဒေါ်မေခင်မောင်ထွန်း(၉/သစန(နိုင်)၁၂၉၃၅၆)မှလက်ရှိနေထိုင်သည်မှာ မှန်ကန်ကြောင်း (၆-၃-၂၀၂၄)ရက်တွင် သာစည်မြို့နယ်တရားရုံး၌ ကတိသစ္စာပြုပြီး သာစည်မြို့နယ်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်မှတ်ပုံတင်အမှတ်(၁/၂၀၂၄)ဖြင့် မှတ်ပုံတင်ပြီးနောက် ဦးဌေးအောင်-ဒေါ်မေခင်မောင်ထွန်းမှ မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## အများသိစေရန် ကြေညာချက်

သာစည်မြို့၊ အမှတ်(၄)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၆-က/ထိန်ကန်ရပ်)၊ ဦးပိုင်အမှတ်(၃/၃)၊ မြေဧရိယာ(၀.၀၄၈)ဧကရှိ မြေကွက်သည် ဦးဌေးအောင်(၇/ရတရ(နိုင်)၁၉၉၀၅၉)-ဒေါ်မေခင်မောင်ထွန်း (၉/သစန(နိုင်)၁၂၉၃၅၆)က လက်ရှိနေထိုင်သည်မှာမှန်ကန်ကြောင်း (၆-၃-၂၀၂၄)ရက်တွင် သာစည်မြို့နယ်တရားရုံး၌ ကတိသစ္စာပြုပြီးသာစည်မြို့နယ်စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်မှတ်ပုံတင်အမှတ်(၂/၂၀၂၄)ဖြင့် မှတ်ပုံတင်ပြီးနောက် ဦးဌေးအောင်-ဒေါ်မေခင်မောင်ထွန်းမှ မြေငှားဂရန်အသစ် လျှောက်ထားမည်ဖြစ်ပါသဖြင့်ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## အများသိစေရန် ကြေညာချက်

သာစည်မြို့၊ အမှတ်(၅)ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၁၁/မြို့မအရှေ့)၊ ဦးပိုင်အမှတ်(၁၁၇)၊ မြေဧရိယာ(၀.၀၃၆)ဧကရှိ မြေကွက်သည် ဦးဌေးအောင်(၇/ရတရ(နိုင်)၁၉၉၀၅၉)-ဒေါ်မေခင်မောင်ထွန်း(၉/သစန(နိုင်)၁၂၉၃၅၆)က လက်ရှိနေထိုင်သည်မှာမှန်ကန်ကြောင်း (၆-၃-၂၀၂၄)ရက်တွင် သာစည်မြို့နယ်တရားရုံး၌ ကတိသစ္စာပြုပြီး သာစည်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်မှတ်ပုံတင်အမှတ်(၃/၂၀၂၄)ဖြင့် မှတ်ပုံတင်ပြီးနောက် ဦးဌေးအောင်-ဒေါ်မေခင်မောင်ထွန်းမှ မြေငှားဂရန်အသစ် လျှောက်ထားမည် ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မိတ္ထီလာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိတ္ထီလာခရိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6N/8882, Nissan Caravan VWE25, Delivery Van ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးသန့်နိုင် ၁၄/ဓနဖ(နိုင်)၁၄၆၀၉၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/99629, Yin Anbo-125, M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Trading Co.,Ltd က (ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**မန္တလေးတောင်ပိုင်း(မန္တလေးမြို့)**




## မိဘအမည်မှန်

ရလက(၃) စည်သူ တပ်ခွဲမှ သီဟဦး၏ မိဘအမည်မှန်မှာ ဦးမောင်တာ(ခ)ဦးတာကြီး နှင့် ဒေါ်ဥမ္မာသွယ် ဖြစ်ပါကြောင်း။

## လူပုဂ္ဂိုလ် တစ်ဦးတည်းဖြစ်ပါကြောင်း

ရလက(၃) စည်သူတပ်ခွဲမှ(ဘ)ဖိုးဖြူ၏သား ခင်မောင်ထွေး(ခ)အောင်ခိုင်ထွေး နှင့် ခင်မောင်ထွေးမှာ လူပုဂ္ဂိုလ် တစ်ဦးတည်း ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂ဃ/၈၆၈၁, Honda Click-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းယဉ်မိုးစံ ၉/မဟမ(နိုင်)၀၀၅၂၄၉ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9N/6897, SKAT LPT3048G1, Dump Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ Myint Mo Hlaing Co,Ltd. က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း) မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ (ဃ)ရပ်ကွက်၊ လွတ်လပ်ရေးလမ်း၊ အမှတ် (၁၃၃)(၁၂)ခန်းတွဲ (၈)ထပ်ခွဲ အဆောက်အအုံ၏ ၂ လွှာ၊ အခန်းအမှတ် (2L) (လမ်းမဘက်မှ မျက်နှာဆိုင်ကြည့်လျှင် ဘယ်ဘက်ခြမ်း) အကျယ်အဝန်း (၈၁၈)စတုရန်းပေရှိ ဓာတ်လှေကားပါ မီနီကွန်ဒိုတိုက်ခန်းနှင့် ယင်းမီနီကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး အပေါင်အနှံအရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူဝန်ခံကတိပြုသူ ရွှေရတနာမြိုင်ဆောက်လုပ်ရေးကုမ္ပဏီလီမိတက်မှ မန်နေဂျာ ဦးနိုင်ဝင်းအောင် (၁၂/မဂတ(နိုင်)၀၉၁၅၅၀)ထံက ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ညီညီ (၉/မဟမ(နိုင်)၁၀၉၃၈၅)မှ အပြီးအပိုင်ဝယ်ယူရန် အတွက် မီနီကွန်ဒိုတိုက်ခန်းရောင်းဖိုးငွေများအနက် စရန်ငွေကိုပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မီနီကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူများသည် ဤကြေညာချက် ပါသည့်ရက်မှစပြီး (၇)ရက်အတွင်း စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက မီနီကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ပြောဆိုလွှဲအပ်ညွှန်ကြားချက်များအရ**
**ဒေါ်ချယ်ရီအောင် LL.B, D.B.L, D.I.L, D.M.L, DL(101)IP, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၃၀၁)**
**အမှတ် (၈)၊ (၅)လွှာ၊ ဓနသိဒ္ဓိလမ်း၊ ဆရာစံမြောက်/အနောက်ရပ်ကွက်၊**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၀၄၆၆၅၀၊ ၀၉-၂၆၄၁၂၆၉၀၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်ဆုပန်လမ်း၊ အမှတ်(၃၈၉) မြေကွက်ပေါ်တွင် တည်ရှိဆောက်လုပ်ထားသော (၆)ထပ်တိုက်၊ (၅-လွှာ)၊ (စတုတ္ထထပ်)၊ (B-ဘက်ခြမ်း)၊ အလျားxအနံ (၁၉x၅၄)ပေ အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား "မြေရှင်နှင့်ကန်ထရိုက်တာတို့၏ (၆)ထပ်အဆောက်အအုံသစ်ဆောက်လုပ်ခြင်း သဘောတူစာချုပ်"အရ ကန်ထရိုက်တာ ဦးမျိုးအောင်(၁၂/လကန(နိုင်)၀၀၂၀၆၄ မှ မိမိရရှိပိုင်ဆိုင်သော တိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမြတ်သူလွင် ၁၂/ဒဂတ(နိုင်)၀၂၁၉၁၈ မှ (၂၉-၄-၂၀၁၈)ရက်တွင် "နှစ်ဦးသဘောတူတိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်"ချုပ်ဆို၍အသိသက်သေများရှေ့တွင် ဝယ်ယူခဲ့ပြီး တိုက်ခန်းအပါအဝင် စာရွက်စာတမ်းမူရင်း များအားလုံးတို့ကို လက်ရောက်ရရှိပိုင်ဆိုင်ခဲ့ပြီးလည်းဖြစ်ပါသည်။သို့ဖြစ်ပါ၍ အထက်ဖော်ပြပါတိုက်ခန်းသည် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးမြတ်သူလွင် တစ်ဦးတည်းသာလျှင် တရားဝင် လက်ရောက်ပိုင်ဆိုင်သူဖြစ်ပြီး ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမြတ်သူလွင် ကိုယ်တိုင်ကိုယ်ကျ စီမံပိုင်ခွင့်ရှိသော တိုက်ခန်းဖြစ်သောကြောင့် အခြားမည်သူတစ်ဦးတစ်ယောက်မှ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်၍ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ပိုင်ဆိုင်မှုအား ဝင်ရောက်စွက်ဖက်နှောင့် ယှက်ခြင်း၊ ဟန့်တားခြင်းများပြုလုပ်ခွင့်မရှိကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးမြတ်သူလွင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းသူရဇော်( L L.B )** **ဒေါ်ယမင်းထွေး ( L L.B )**
**အထက်တန်းရှေ့နေ (စဉ် -၄၂၀၆၆/၂၀၁၃) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၆၅/၂၀၁၇)**
**အမှတ်(၁၀၁)၊ ကံ့ကော်မြိုင်(၂)လမ်း၊ (၃၃)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။ဖုန်း - ၀၉-၇၇၂၇၇၇၇၁၂ ၊ ၀၉-၄၅၆၉၉၆၇၇၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် 64W/49232, Canda-110,M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်မိုး ၅/ဆလက(နိုင်)၀၆၂၀၀၇ က(ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် 37W/87514, New Sumbo-125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇင်မျိုးထွန်း ၉/မခန(နိုင်)၂၃၄၃၈၇က(ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ထားခြင်း

ယာဉ်အမှတ် 38W/61984, Yamaha 150 ယာဉ်လက်ဝယ်ရှိသူ ဦးသီဟကိုကို ၅/စတန(နိုင်)၂၅၈၈၉၆ က(ကမ-၃)ပျောက်ဆုံးကြောင်း လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ သည်။

ကညန၊ ခရိုင်ရုံး
(စစ်ကိုင်း)

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
## ကုန်ကြမ်းစက္ကူများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာနမှ ကုန်ကြမ်းစက္ကူများအား (မြန်မာကျပ်ငွေ)ဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| (က) | Woodfree Paper (70 gsm) 28¼" | 9700 MT |
| ( ခ ) | Woodfree Paper (70 gsm) 34" | 1500 MT |
| ( ဂ ) | Woodfree Paper (60 gsm) 34" | 100 MT |
| (ဃ) | Woodfree Paper (70 gsm) 31"x43" | 1000 Reams |
| ( င ) | Woodfree Paper (80 gsm) A1 | 1000 Reams |
| ( စ ) | Woodfree Paper (80 gsm) 25"x37" | 1000 Reams |
| (ဆ) | Woodfree Paper (80 gsm) 31"x43" | 2000 Reams |
| ( ဇ ) | Art Paper (Above 170 gsm) 31"x43" | 50 Reams |
| (ဈ ) | Cream Paper (260 gsm) 31"x43" | 50 Reams |
| (ည) | Art Card (210gsm) 31"x43" | 9000 Reams |
| ( ဋ ) | Art Card (210gsm) 25"x36" | 1500 Reams |
| ( ဌ ) | (Art Card (300gsm) 31"x43" | 50 Reams |

၂။ အိတ်ဖွင့်တင်ဒါများကို (၆-၅-၂၀၂၄)ရက်နေ့မှ (၂၀-၅-၂၀၂၄) ရက်နေ့အထိ နေ့စဉ် နံနက် (၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်တွင် စက္ကူတင်ဒါဖောင် (၁)စောင်လျှင် ၅၀,၀၀၀/-ကျပ်နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပြီး ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ညွှန်ကြားချက်နှင့်အညီ ကုမ္ပဏီ (၁)ခုလျှင် (၁)ဦးသာ လာရောက်ဝယ်ယူပါရန် မေတ္တာရပ်ခံပါသည်။

၃။ စက်တင်/မျက်မြင် စမ်းသပ်စစ်ဆေးရန်အတွက် စက္ကူနမူနာများကို (၂၁-၅-၂၀၂၄)ရက်နေ့မှ (၂၇-၅-၂၀၂၄)ရက်နေ့အထိ နံနက် (၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း သတ်မှတ်နေရာများအရောက် ပေးပို့ရန်ဖြစ်ပါသည်။

၄။ အိတ်ဖွင့်တင်ဒါများကို (၃-၆-၂၀၂၄ )ရက်နေ့တွင် နံနက် (၉:၃၀) နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိတင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်ပေးသွင်းသော တင်ဒါဖောင်များကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၅။ အိတ်ဖွင့်တင်ဒါ အာမခံကြေးအဖြစ် တင်ဒါတစ်ခုချင်းစီ၏ တင်ဒါတင်သွင်းမည့် ပစ္စည်းတန်ဖိုး၏ (၁%)အား မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အသိအမှတ်ပြုထားသည့် ဘဏ်တစ်ခုခုတွင် P.G (Performance Bank Guarantee)ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၆။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း- ၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
ပုံနှိပ်ရေးနှင့်
ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇ )၊ နေပြည်တော်
ဖုန်း- ၀၆၇-၃၄၁၂၃၇၄၊
၀၆၇-၃၄၁၂၃၇၅

**တင်ဒါတင်သွင်းရန်လိပ်စာ**
ပြည်တွင်း/ပြည်ပ
ပစ္စည်းများဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ရုံးအမှတ် (၇)၊ နေပြည်တော်
ဖုန်း- ၀၆၇-၃၄၁၂၃၇၄၊
၀၆၇-၃၄၁၂၃၇၅

## ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ၂၀၂၄- ၂၀၂၅ ဘဏ္ဍာရေးနှစ်၊ မွန်ပြည်နယ်၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်များတွင် ပြည်ထောင်စုပြည်နယ်ရန်ပုံငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် ချောင်း/မြောင်းတူးဖော်ခြင်းနှင့် တာတမံတည်ဆောက်ခြင်း၊ ကန်တူးဖော်ခြင်း၊ရေတံခါးရွက်များပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် တည်ဆောက်ရေးပစ္စည်းများ ဝယ်ယူနိုင်ရန်အတွက် အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ကြားကြေညာအပ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - (၈-၄-၂၀၂၄)ရက်၊ (တနင်္လာနေ့)

(ခ) **တင်ဒါလျှောက်လွှာရောင်းချမှု ပိတ်သိမ်းမည့်ရက်** - (၂၂-၄-၂၀၂၄)ရက် (တနင်္လာနေ့) (ညနေ ၁၆:၃၀ နာရီ)

(ဂ) **တင်ဒါဖွင့်လှစ်မည့် ရက်/အချိန်** - (၂၃-၄-၂၀၂၄)ရက်၊ (အင်္ဂါနေ့) (နံနက် ၁၀:၀၀ နာရီ)

(ဃ) **တင်ဒါဖွင့်လှစ်မည့်နေရာ** - ညွှန်ကြားရေးမှူးရုံး၊ အစည်းအဝေးခန်းမ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊

၂။ အသေးစိတ်အချက်အလက်များကို လက်ထောက်ညွှန်ကြားရေးမှူး (ဆည်မြောင်း)ရုံး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မော်လမြိုင်မြို့သို့ ရုံးချိန်အတွင်း (ဖုန်း - ၀၅၇-၂၀၂၇၀၇၂) သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## ရုံးလုပ်ငန်းသုံး ပရိဘောဂပစ္စည်း စာအုပ်တင်သံစင်(၅)ဆင့် နှစ်ဖက်ပါဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန အတွက် အသုံးပြုရန် လိုအပ်သော စာအုပ်တင်သံစင်(၅)ဆင့်နှစ်ဖက်ပါ (၄၀)စင်ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၈-၄-၂၀၂၄)ရက်မှ (၂၉-၄-၂၀၂၄)ရက်အထိ နေ့စဉ် (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ်(၂၀၀၀ိ/-) နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို(၂၉-၄-၂၀၂၄)ရက်နေ့ (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီ အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင်ဖြစ်စေ၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖြစ်စေ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
- ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း- ၀၆၇-၃၄၁၂၃၆၉၊
၀၆၇-၃၄၁၂၆၂၄၊
၀၆၇-၃၄၁၂၂၀၉၊
- အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁၈-၃၈၄၈၁၃၊ ၀၁၈-၃၇၁၃၄၀

**တင်ဒါတင်သွင်းရန်လိပ်စာ**
ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
- ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း- ၀၆၇-၃၄၁၂၃၉၀
- အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁၈-၃၈၄၈၁၃၊ ၀၁၈-၃၇၁၃၄၀

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## Cache Server ဝယ်ယူတည်ဆောက်ခြင်းလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)တွင် အသုံးပြုရန်အတွက် Cache Server ဝယ်ယူတည်ဆောက်ခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါ သည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၈-၄-၂၀၂၄)ရက်နေ့မှ (၂၉ -၄-၂၀၂၄)ရက်နေ့အထိ နေ့စဉ် (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ် (၁၀,၀၀၀ိ/-) နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏မှတ်ပုံတင်ကတ်ပြား(သို့မဟုတ်)လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို (၂၉-၄-၂၀၂၄)ရက်နေ့ (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင်ဖြစ်စေ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း(အောက်) ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင်ဖြစ်စေ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက် ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
- ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း - ၀၆၇-၃၄၁၂၃၆၉၊
၀၆၇-၃၄၁၂၆၂၄၊
၀၆၇-၃၄၁၂၂၀၉၊
- အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း (အောက်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၂၀၁၀၉၃၆၊ ၀၁-၈၃၇၁၃၄၀

**တင်ဒါတင်သွင်းရန်လိပ်စာ**
ပြည်တွင်း/ပြည်ပပစ္စည်းများဝယ်ယူရေးနှင့် ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊
ပြန်ကြားရေးဝန်ကြီးဌာန
- ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း- ၀၆၇-၃၄၁၂၃၉၀
- အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း (အောက်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း-၀၁-၈၂၀၁၀၉၃၆၊ ၀၁-၈၃၇၁၃၄၀

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် အောက်ဖော်ပြပါ လုပ်ငန်းနှင့် စက်ပစ္စည်းဝယ်ယူခြင်းအတွက် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များအား အိတ်ဖွင့် တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) လေအေးပေးစက် အဆင့်မြှင့်တင်ပြင်ဆင်ခြင်း လုပ်ငန်း

(ခ) Air Con; Spare Part ပစ္စည်းများ ဝယ်ယူခြင်း

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် သတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက်** - ၈-၄-၂၀၂၄ ရက်(တနင်္လာနေ့) မှ ၂၆-၄-၂၀၂၄ ရက်(သောကြာနေ့) (၀၉:၃၀)မှ(၁၆:၀၀) နာရီအထိ

(ခ) **တင်ဒါလျှောက်လွှာ တင်သွင်းရမည့်နောက်ဆုံးရက်** - ၂၉-၄-၂၀၂၄ ရက်(သောကြာနေ့) (၁၆:၀၀)နာရီ အထိ

(ဂ) **တင်ဒါဖွင့်ဖောက် ကြေညာမည့်ရက်/နေရာ** - ပြန်လည်အကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များအား အောက်ပါဖုန်းနံပါတ်များတွင် ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဖုန်း - ၀၆၇-၄၅၉၀၁၇၀ / ၀၆၇-၄၅၉၀၂၀၄

စာအုပ်စာပေ လူ့မိတ်ဆွေ

## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## အခြားရုံးသုံးပစ္စည်းနှင့် ရုံးသုံးစက်ကိရိယာများ ဝယ်ယူရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)တွင် အသုံးပြုရန် အတွက် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် အောက်ဖော်ပြပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁ | UPS 650 VA | 10 Nos |
| ၂ | External HDD 8TB | 10 Nos |
| ၃ | HDMI/ SDI Connector | 1 No |
| ၄ | USB Audio Interface | 1 No |
| ၅ | Online UPS 6KVA | 2 Nos |
| ၆ | Monitor 24" | 10 Nos |
| ၇ | Digital Camera with Lens | 25 Nos |
| ၈ | TV 32" Smart LED | 20 Nos |
| ၉ | TV 43" Smart LED | 2 Nos |
| ၁၀ | Cisco Management Switch | 1 No |
| ၁၁ | Blackmagic Design Cintel Scanner G3 HDR+ | 1 No |
| ၁၂ | Blackmagic Design Cintel Audio And KeyKode Reader | 1 No |
| ၁၃ | Work Station for Cintel Scanner | 1 No |
| ၁၄ | 12 Bay Storage Server | 1 No |
| ၁၅ | Desktop Computer | 45 Sets |
| ၁၆ | Printer | 15 Nos |
| ၁၇ | Scanner | 20 Nos |
| ၁၈ | Document Scanner | 1 No |
| ၁၉ | Laptop | 8 Nos |
| ၂၀ | Voice Recorder | 25 Nos |
| ၂၁ | Inkjet Color Printer | 25 Nos |
| ၂၂ | Digital Multifunction Copier | 5 Nos |
| ၂၃ | Digital Library Management System အသုံးပြုမည့်ပစ္စည်းများ | |
| | (a) Barcode Printer & Label | 40 Nos |
| | (b) Linear Imager Scanner | 40 Nos |
| | (c) Bluetooth Barcode Scanner | 40 Nos |
| ၂၄ | Column Mic | 53 Nos |
| ၂၅ | Duplex Printer | 1 No |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို (၈ - ၄ - ၂၀၂၄)ရက်နေ့မှ (၂၉ - ၄ - ၂၀၂၄) ရက်နေ့အထိ နေ့စဉ် (၀၉:၃၀)နာရီမှ (၁၆:၃၀)နာရီ ရုံးဖွင့်ရက်အတွင်း အောက်ပါလိပ်စာများတွင် တစ်စောင်လျှင် ငွေကျပ် (၁၀,၀၀၀ိ/-) နှုန်းဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။ တင်ဒါပုံစံများ လာရောက်ဝယ်ယူရာတွင် ကုမ္ပဏီ၏ မှတ်ပုံတင်ကတ်ပြား (သို့မဟုတ်) လုပ်ငန်းလိုင်စင်မိတ္တူတင်ပြရပါမည်။

၃။ အိတ်ဖွင့်တင်ဒါများကို(၂၉-၄-၂၀၂၄)ရက်နေ့ (၀၉:၃၀)နာရီမှ (၁၆:၀၀)နာရီအတွင်း ပြန်ကြားရေး ဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင်ဖြစ်စေ ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်ဖြစ်စေ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း- ၀၆၇-၃၄၁၂၃၆၉၊ ၀၆၇-၃၄၁၂၆၂၄၊ ၀၆၇-၃၄၁၂၂၀၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
- ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း - ၀၆၇-၃၄၁၂၃၆၉၊
၀၆၇-၃၄၁၂၆၂၄၊
၀၆၇-၃၄၁၂၂၀၉၊
- အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်းလမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၈၄၈၁၃၊
၀၁-၈၃၇၁၃၄၀

**တင်ဒါတင်သွင်းရန် လိပ်စာ**
ပြည်တွင်း/ပြည်ပပစ္စည်းများ ဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ
ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
- ရုံးအမှတ်(၇)၊ နေပြည်တော်
ဖုန်း- ၀၆၇-၃၄၁၂၃၉၀
- အမှတ်(၂၂/၂၄)၊ ပန်းဆိုးတန်း လမ်း(အောက်)၊ကျောက်တံတား မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း- ၀၁-၈၃၈၄၈၁၃၊
၀၁-၈၃၇၁၃၄၀

### တစ်ဦးတည်းဖြစ်ပါကြောင်း

တောင်ကြီးမြို့၊ စဝ်စံထွန်း ရပ်ကွက်၊ နယ်မြေ(၆)၊ ရှမ်းကျောင်းလမ်း၊ စ/၃၁၅ နေ(ဘ)ဦးကိုနိုင် ၏ သားဖြစ်သူ ဦးပြည့်စုံကျော်နှင့် ဦးမိုးမင်းမင်းမှာ လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်သည်မှာ မှန်ကန်ပါကြောင်း။

**ဦးပြည့်စုံကျော်(ခ)**
**ဦးမိုးမင်းမင်း**
**၁၃/တကန(နိုင်)၂၆၄၆၄၈**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅ နည်းဥပဒေ- ၁ နှင့် ၅)
### မြစ်ကြီးနားမြို့နယ်တရားရုံးတော်
### ၂၀၂၄ခုနှစ်၊ တရားမကြီးမှုအမှတ်- ၅

| | | |
|---|---|---|
| ဒေါ်အမာ | နှင့် | ဦးသောင်းစိန် |
| (တရားလို) | | (တရားပြိုင်) |

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၊ ဒူကထောင်ရပ်ကွက်၊ အမှတ်(၄၀၉/က)နေ တရားပြိုင် ဦးသောင်းစိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်အမာက အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ်၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ မေလ ၃ ရက် (၁၃၈၆ ခုနှစ်၊ တန်ခူးလဆုတ် ၁၀ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင်အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ၅ ရက်တွင် ဤတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ကောင်းသန့်)**
**ဒုတိယမြို့နယ်တရားသူကြီး(၄)**
**မြစ်ကြီးနားမြို့နယ်တရားရုံး**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံး
### ၂၀၂၄ ခုနှစ်၊ တရားမကြီး မှုအမှတ်- ၆ ၆

| | | |
|---|---|---|
| ဦးရဲမြင့်ထွန်း | နှင့် | ဒေါ်သီတာ(ခ)ဒေါ်ဆီသာ (ဒေါ်မကြီး၏ အထူးကိုယ်စားလှယ်စာရသူ) |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့၊ အကွက်(မမ-၄/၄၄) မြရည်နန္ဒာရပ်ကွက်၊ ဒေါ်သီတာ(ခ)ဒေါ်ဆီသာ(ဒေါ်မကြီး၏အထူးကိုယ်စား လှယ်စာရသူ) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဦးရဲမြင့်ထွန်းက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ်(မမ-၃)၊ ဦးပိုင်အမှတ်(၅)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ် စေ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၂၃)ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့် (၁၅)ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ (၂)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်မာဝေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

### ငြင်းချက်ထုတ်ရန်ဆင့်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
### ချမ်းမြသာစည်မြို့နယ်တရားရုံး
### ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၆ ၇

| | | |
|---|---|---|
| ဒေါ်စိုးစိုးစံ | နှင့် | ဦးဘမြိုင် |
| တရားလို | | တရားပြိုင် |

မန္တလေးမြို့၊ အကွက်(ဘဘ-၆/၃၅) မြရည်နန္ဒာရပ်ကွက်၊ ဦးဘမြိုင်၊ (ဘ)ဦးပါကြီး ( ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်တွင် တရားလို ဒေါ်စိုးစိုးစံက မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် (ဗဗ-၃)၊ ဦးပိုင်အမှတ်(၈၆)၊ ဧရိယာ(၀.၀၅၅၁)ဧက အကျယ်အဝန်းရှိမြေကွက်ရောင်းဝယ်မှုအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေနှင့် ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ (၂၃) ရက်၊ (၁၃၈၆ ခုနှစ်၊ တန်ခူးလပြည့် (၁၅)ရက်နေ့ မွန်းမတည့်မီ (၁၀:၀၀) နာရီအချိန်တွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် တရားရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေသည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင့်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စား လှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဧပြီလ ( ၂ )ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဇင်မာဝေ)**
**တွဲဖက်မြို့နယ်တရားသူကြီး(၁)**
**ချမ်းမြသာစည်မြို့နယ်တရားရုံး**

### ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 69W/23656, Luojia 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီဂီစိုး ၁၃/ရစန(နိုင်) ၀၄၂၃၉၈ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက် အတွင်း အောက် ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လွိုင်ကော်**

### ကန့်ကွက်နိုင်ပါကြောင်း

